
www.dhammadownload.com




ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော် ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသော တရားတော်

# ကိုယ့်အခြေအနေ ၊ ကိုယ်သိစမ်းပါ

၉၄

(၃၀၊၁၀၊၆၁)

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၇၂

www.dhammadownload.com

ကျေးဇူးရှင် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဝိမလမဟာထေရ် ရဟန္တာရှင်မြတ်



မိုးကုတ်ဝိ ထေရာဝါဒီ ဘုရားကြီး။

PUBLISHED BY DAW KHIN MYO THANT
PERMISSION NO.
NM. PRESS

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ကိုယ့်အခြေအနေ၊ ကိုယ်သိစမ်းပါ

(၃၀-၁၀-၆၀)

အားလုံးဒကာဒကာမတွေ သံသရာထဲမှာ မျောနေတယ်ဆိုတဲ့ဥစ္စာဟာ ဒကာကြွယ်သေးသေးသိမ်သိမ် ဒုက္ခလေးလို့ ဒီလိုမမှတ်ပါနဲ့ (မှန်ပ့ါ) သံသရာထဲမျောနေတယ်ဆိုဒါဟာ သေးသေးသိမ်သိမ်ဒုက္ခလို့ ဒီလိုမမှတ်ပါနဲ့နော်။

## ပြိတ္တာသံသရာ

ဘာပြုလို့တုံးလို့ မေးတဲ့အခါကြလို့ရှိရင်ဖြင့် ပြိတ္တာဘဝရောက်တယ်ဆိုလို့ရှိရင်ဖြင့် ပြိတ္တာသံသရာပဲ (မှန်လှပါ) သူများစွန့်ထားတဲ့ ကျင်ကြီးတွေ မွှေပြီးသကာလ စားရ၊ သူများစွန့်ထားတဲ့နှပ်တွေကိုရှာပြီးသကာလစားရ (မှန်လှပါ) ပြိတ္တာသံသရာပေ့ါဗျာ။

www.dhammadownload.com



## တိရစ္ဆာန်သံသရာ

တိရစ္ဆာန်သံသရာကိုရောက်သွားလို့ရှိပြန်တော့လည်းဘုန်းကြီးတို့ ဒကာဒကာမတွေသည် နေပူလည်းပူရုံပဲ (မှန်ပါ့) တိရစ္ဆာန်ကိုး၊ မိုးရွာလည်း ဒီအတိုင်းခံရရုံပဲ၊သက်သာခွင့်ဆိုတာပါရဲ့လား . . . (မပါပါဘုရား) ဆေးဝါးအကူအညီ အထောက် အပံ့တွေကော . . . (မပါပါဘုရား) မပါဘူး။

ဘာကြောင့်ပါလိမ့်၊ ဩော် သံသရာဒုက္ခဆိုတာ ဒါပါလား (မှန်ပါ့ဘုရား) ဒီအထဲကနေပြီး ခွေးနာကြီးဖြစ် ခွေးသေသေလိုက် (မှန်ပါ့) ဒါဘာတုံးလို့ မေးကြည့်ရင် သံသရာဆက်တာ (မှန်ပါ့)။

တိရစ္ဆာန်ဘဝကနေပြီးသကာလ ခွေးနာကြီးဘဝရောက်သွားမယ် (မှန်ပါ့) ဒါဖြင့် ဒကာသစ်တို့ ဒကာကြွယ်တို့ဆင်းရဲလား ချမ်းသာလားလို့ ဦးသန်းမောင်တို့မေးရင်ဘယ်နှယ်ဖြေကြမယ် . . . (ဆင်းရဲပါဘုရား)။

## သံသရာဆိုတာ

ဆင်းရဲအစစ်ကေန်ဖြစ်တာကို သံသရာလို့မှတ်ထားလိုက်ပါ (မှန်ပါ့) အဲဒီသံသရာကြီးဟာ ဒကာဒကာမတို့ဘယ်နှယ်ကြောင့် ဒီသံသရာထဲ တပည့်တော်တို့နေကြရရောက်ကြရပါလိမ့်မလဲလို့ အားလုံးကပဲ အမေးထုတ်လို့ရှိရင်

www.dhammadownload.com



ဖြင့် လက်သည်အကြီးဆုံး ရှာလိုက်လို့ရှိရင်ဖြင့် ဒိဋ္ဌိပါပဲ (မှန်ပါ့) ဘာပါလိမ့် . . . (ဒိဋ္ဌိပါဘုရား)။

ဒိဋ္ဌိလို့သေသေချာချာမှတ်ပါ၊ ငါ့သား၊ ငါ့သမီး၊ ငါ့မြေး၊ အစရှိသဖြင့် ကိုယ့်ကိုယ်ကိုခြေလက်နှစ်ချောင်း နှာခေါင်း၊ အင်္ဂါကြီးငယ်ကိုလည်း အကုန်ငါမပြုတ်ပဲနဲ့ နေလို့ရှိရင်ဖြင့်တဲ့ ဒကာဒကာမတို့ ခုနကပြောခဲ့တဲ့ ကျင်ကြီးတွေ ရှာစားရတဲ့ သံသရာ၊ မိုးရွာရင်အစို၊ နေပူရင်အခြောက်၊ ဆေးဖိုးဝါးဖိုးမရှိပဲနဲ့ ပေါ်ပေါ်တင်းတင်းနဲ့သေရမည့်အဖြစ် ကိုဖြင့် ဒိဋ္ဌိကဆင်မြန်းလိုက်တဲ့ ဒိဋ္ဌိကစီမံလိုက်တဲ့အလုပ် တစ်ခုလို့မှတ်ပါ။

ဘယ်သူကစီမံပါလိမ့် . . . (ဒိဋ္ဌိကစီမံတာပါ) ဒိဋ္ဌိက စီမံတာလို့မှတ်လိုက်ပါနော် (မှန်ပါ့)။

## ဒိဋ္ဌိဆိုတာဘာတုံး

ဒိဋ္ဌိဆိုတာဘာတုံးလို့မေးတော့ "ဧသောမေ၊ အတ္တာ" ဒိဋ္ဌိဆိုတာ ပါဠိလို "ဧသောမေအတ္တာ". . . (မှန်လှပါဘုရား)။

ဧသော-ဤ ခန္ဓာငါးပါးသည်၊ မေ-ငါ၏ အတ္တာ- အစိုးရစွာ၊ အလိုပါသော ထိုအတ္တတည်း။

ဧသောမေ အတ္တာဆိုတာ ဒကာဒကာမတွေ သေသေချာချာမှတ်ပါ၊ (မှန်ပါ့) ဧသော-ဤခန္ဓာငါးပါးသည် ဒကာကြွယ် ခန္ဓာငါးပါး၊ ဒကာသစ်တို့ ခန္ဓာငါးပါး၊ ဦးသန်း

www.dhammadownload.com



မောင်တို့ ခန္ဓာငါးပါးပေါ့ဗျာ (မှန်ပါ့) ဒီတရားနာနေတာကြီး၊ ဒီတရားနာနေတာကြီး (မှန်ပါ့) မေ-ငါ၏။ သေသော ဒီတရားနာနေတဲ့ ခန္ဓာငါးပါးသည်၊ မေ-ငါ၏ အတ္တာ-ထချင်ရင် ငါထနိုင်တယ်၊ သွားချင်ရင် ငါသွားနိုင်တယ် ပြောချင် ငါပြောနိုင်တယ်။

အဲဒီလို ပုဂ္ဂိုလ်ကြီးကို တစ်ခါတည်း ခန္ဓာငါးပါး ပျောက် အနိစ္စတွေပျောက်ပြီးတော့ အကုန် 'ငါ က လွှမ်းမိုးပြီးသကာလ နေတာဟာ သေသာမေအတ္တာ' (မှန်ပါ့ဘုရား)။

ဆံပင်ကလေး ဘယ်သူတုံး၊ မေးလိုက်လည်းငါပဲ၊ သွားကလေးဘယ်သူတုန်းမေးလိုက်လည်းငါပဲ၊ တစ်ကိုယ်လုံးဟာ အပ်သွားချစရာမရှိဘူး ငါ့ချည့်ပဲ (မှန်ပါ့) တစ်ကိုယ်လုံး အပ်သွားချစရာမရှိဘူး ငါလုပ်ထားတာသည် ဒိဋ္ဌိပဲ (မှန်ပါ့)။

## ဒိဋ္ဌိဟာဘာနဲ့တူသတုံး

တစ်ကိုယ်လုံးမှာ အပ်သွားချစရာမရှိအောင် ငါလုပ်ထားတာ ဦးသန်းမောင် ဘယ်သူပါလိမ့် (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိပဲဆိုတာ ဒကာသစ် ရိပ်မိပြီ (ရိပ်မိပါပြီဘုရား) အဲဒီဒိဋ္ဌိ ရှိနေပြီဆိုမှဖြင့် ဒိဋ္ဌိဟာ ဘာနဲ့တူသတုံးလို့ မေးတဲ့အခါကျ လို့ရှိရင်ဖြင့် ခန္ဓာကိုယ်တစ်ကိုယ်လုံး ငါတည်းဟူသော ကြိုးတွေပတ်ထား တာနဲ့တူတယ်၊ (မှန်လှပါဘုရား)။

www.dhammadownload.com



ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ (ငါတည်းဟူသော ကြိုးတွေပတ်ထားတာနဲ့တူပါတယ်ဘုရား) ငါတည်းဟူသော ကြိုးတွေက ငါ့မထိနဲ့၊ ငါ့မကြည့်နဲ့ဆိုတော့ တစ်ခါတည်း ဒကာဒကာမတို့ ငါ့မထိနဲ့ဆိုကတည်းကိုက တစ်ကိုယ်လုံး ငါလုပ်ပြီးပြောတာ (မှန်လှပါဘုရား) ငါ့မကြည့်နဲ့ဆိုတာကော . . . (တစ်ကိုယ်လုံးငါလုပ်ပြီးပြောတာပါဘုရား)။

အမလေးအပ်သွားချရာတောင်မှ ဒိဋ္ဌိလွတ်တဲ့ နေရာရှိပါရဲ့လား . . . (မရှိပါဘုရား) ဦးသန်းမောင် သိပ်ဆိုးနေပြီ (ဆိုးပါတယ်ဘုရား)။

ဒကာကြွယ် ဒီအတိုင်းသုံးနေတယ် (မှန်လှပါဘုရား) ငါ့မထိနဲ့ ငါ့မကြည့်နဲ့ ငါဘယ်လိုဆိုးသွမ်းသွမ်း ပစ္စည်းကျတာ မှတ်လို့လား (မှန်ပါ့ဘုရား)။

ငါဂုဏ်သရေရှိသူတစ်ဦးတစ်ယောက်ပဲ ဆိုတော့ တစ်ကိုယ်လုံးကို ဘာလုပ်ထားလည်း (ငါလုပ်ထားတယ်) ဪ ဒါဖြင့် ဒိဋ္ဌိကြိုးတွေဟာဖြင့် ဒကာဒကာမတို့ ကြိုးပေါင်း ဘယ်နှစ်ထပ်များ ချည်ထားကြသတုံးမေးရင် ဒကာကြွယ် ဖြေနိုင်စရာအကြောင်း ရှိသေးရဲ့လား (မရှိပါဘူးဘုရား)။

အတွင်းသားလည်းငါပဲ အပြင်သားတွေကော (ငါ-ပါ ဘုရား) ဪ ဒါဖြင့် ဒကာဒကာမတို့ ဒိဋ္ဌိကြိုးတွေတုပ်ထားလိုက်တာ။ လှုပ်နိုင်စရာများ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

www.dhammadownload.com



## သမ္မာဒိဋ္ဌိဝင်ခွင့်မပေးပါ

အင်း-ဘယ်သူတုပ်တာပါလိမ့် . . . (ဒိဋ္ဌိကြိုးပါ ဘုရား) ဒိဋ္ဌိကြိုးတွေ တုပ်ထားတာ လှုပ်နိုင်စရာမရှိဘူး၊ လှုပ်နိုင်စရာမရှိဘူးဆိုလို့ရှိရင်ဖြင့် ဒိဋ္ဌိကြိုးတွေက အကုန် ပတ်ထားတော့၊ သမ္မာဒိဋ္ဌိ ဒီထဲဝင်ခွင့်ကိုမပေးဘူး . . . (မပေးပါဘုရား)။

သမ္မာဒိဋ္ဌိဆိုတဲ့မဂ်ဉာဏ်ဝင်ခွင့်ကို မပေးပါဘူး (မှန်ပါ) အင်း-တစ်ကိုယ်လုံး ဘာလုပ်ထားပါလည်း . . . (ငါ လုပ်ထားပါတယ်) ငါ ကြိုးတွေပတ်ထားတယ်။ တစ်ကိုယ်လုံး ဘာကြိုးတွေပတ်ထားလဲ (ငါကြိုးတွေပတ်ထားပါတယ်)။

ဪ ငါကြိုးတွေပတ်ထားလိုက်တော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ့ဖို့တဲ့ အကုန်တုပ်ပြီးသား ချည်ပြီးသားဖြစ် နေတော့ ဒကာဒကာမတို့ လိုမ့်သွားလို့တောင်မှ သွားလို့ မဖြစ်ဘူး (မဖြစ်ပါဘုရား)။

အတွင်းဟာတွေ ငါနဲ့ချည်ထားတာ (မှန်ပါ့ဘုရား) ငါ့အူငါ့အသည်း၊ ငါ့အသား၊ ငါ့အသွေးတွေက လုပ်ချလိုက် တော့ ဒကာသစ်ရေ ဒိဋ္ဌိက ခန္ဓာကိုယ်ကို ငါးမျှားဆားမွှန်း ထားသလို ဘယ်နေရာ အငန်မရောက်တဲ့နေရာ ရှိသေး ရဲ့လား (မရှိပါဘုရား)။

www.dhammadownload.com



ဒီမှာတင် ဒိဋ္ဌိတည်းဟူသော အငန်တွေက ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ တစ်ပုံကြီးပေါက်ပြီးသကာလ ထားလိုက်တော့ တစ်ကိုယ်လုံး ဆားနယ်ထားသလို အကုန် ဝင်ပြီးသကာလနေတော့ ဒြေသ် ဒီဒကာဒကာမတွေ လွတ်လပ်ပါရဲ့လားလို့မေးရင် ဒကာကြွယ် ဘယ်နှယ်ဖြေမလဲ . . . (မလွတ်လပ်ပါဘုရား)။

ဒါကြောင့် ဒိဋ္ဌိကြီးတွေဘုရား၊ ဆားငန်ရည်ဖြန့်သလို နှံ့နေလို့ (မှန်လှပါဘုရား) ဒိဋ္ဌိကြီးတွေသည် . . . (ဆားငန် ရည်ဖြန့်သလို နှံ့နေလို့ပါဘုရား)။

ဒါဖြင့် ဒီဒိဋ္ဌိသည်ကားလို့ဆိုလို့ရှိရင် ကြိုးပတ်ကာ (မှန်ပါ့) အင်း ဒါဖြင့် ကြိုးပတ်ထားတဲ့ ပုဂ္ဂိုလ်ကို ဒကာဒကာမ တို့ ရေထဲမျှောကြပါစို့ (မှန်လှပါဘုရား)

## ကြိုးပတ်ထားတဲ့ပုဂ္ဂိုလ်ရေထဲမျှောတာ

ကြိုးပတ်ထားတဲ့ပုဂ္ဂိုလ် ရေထဲမျှောတော့မယ်ဆိုရင် ဖြင့် သောင်တွေ့လို့လည်း မတက်နိုင်ပါဘူး (မှန်ပါ့) ကမ်းတွေ့ လို့လည်း . . . (မတက်နိုင်ပါဘူး) တုံးတစ်တုံးတွေ့ပြန်တော့ . . . (မတက်နိုင်ပါဘူး) ခိုကိုးရာဖြစ်ပါရဲ့လား . . . (မဖြစ် ပါဘူး) သဘောကျပလား . . . (ကျပါပြီ)။

www.dhammadownload.com



ဒကာသစ်တို့ ဒကာကြွယ်တို့ သိပ်ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်လာပြီ . . . (ပေါ်လာပါပြီဘုရား)။

သေသေချာချာမနောနဲ့ တစ်ကိုယ်လုံးသိ ဆံပင့်လေး တစ်ပင်လည်း ငါ့ဆံပင် (မှန်ပါ့) ဒို ဒကာကြွယ်၊ သွားလေး တစ်ချောင်းလည်း ငါ့ဟာပဲ၊ ဇော် - ဒီသွားလေးတစ်ချောင်း သည် မေ-ငါ၏၊ အတ္တာ - အစိုးရစွာ အလိုပါသော ထိုအတ္တ တည်း။

သွားလေးတစ်ချောင်းလည်း ငါဝါးချင်သလို ဝါးနိုင် တယ် ငါ့သွား၊ အစရှိသည်နဲ့ ဒကာသစ်ရေ လွတ်တဲ့နေရာ ပါသေးလား . . . (မပါပါဘုရား) ဒါကြောင့် ငါ့မထိနဲ့ဆိုရင် လည်း တစ်ကိုယ်လုံးချည်ထားတာ (မှန်လှပါဘုရား) ငါ့ မကြည့်နဲ့ဆို တာကော (တစ်ကိုယ်လုံးချည်ထားတာပါ ဘုရား)။

ဟာ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒိဋ္ဌိကြိုး တုပ်ပြီးသား နှောင်ပြီးသားဖြစ်နေပါပေါ့လား . . . (မှန်ပါ ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ) ဘာကြိုးတွေ တုပ်နှောင် ထားပါလိမ့်၊ (ဒိဋ္ဌိကြိုးတွေ တုပ်နှောင်ထားပါတယ်ဘုရား)။

ဒိဋ္ဌိကြိုးတွေ တုပ်နှောင်ပြီး ထားတယ်ဆိုတာဖြင့် ဒကာဒကာမတွေ ငါ့မကြည့်နဲ့ဆိုတာ တစ်ကိုယ်လုံးပါပဲ (မှန်ပါ့) ငါ့မထိနဲ့ဆိုတာ . . . (တစ်ကိုယ်လုံးပါဘုရား)။

www.dhammadownload.com



# တဏှာရေထဲမျှောလိုက်တယ်

ဒကာကြွယ် ဘယ်နေရာဗိုဠ်ချန်သေးသလဲ . . .
(မချန်ပါဘူးဘုရား) ဦးသန်းမောင် ဘယ်နေရာချန်သေးလဲ
(မချန်ပါဘူးဘုရား) ခြောက်အဲဒါတွေ ကြပ်ကြပ်စဉ်းစားတော့
မှ ဗိုဠ်ကြိုးတွေဟာ တစ်ခါတည်းတုပ်ထားပါလားဆိုတော့
ဒကာဒကာမတို့ ဗိုဠ်ကြိုးတုပ်ထားတဲ့ ပုဂ္ဂိုလ်ကို တဏှာက
တစ်ခါကြိုးတုပ်ပြီးသကာလ ရေထဲမျှောတယ် (မှန်ပါ့) တဏှာ
ရေထဲမျှောလိုက်တယ်။

သားဆီသွားလိုက် သမီးဆီသွားလိုက် ကြိုးတုပ်ပြီး
သားကို တဏှာရေကမျှောတယ်၊ ကြိုးတုတ်ပြီးသား . . .
(တဏှာရေကမျှောပါတယ်)။

ဒါဖြင့် ကပ်းတွေ့လည်း သူနဲ့မဆိုင် (မဆိုင်ပါဘုရား)
ဒကာဒကာမတို့ ကျွန်းတွေ၊ ဖောင်တွေ၊ သောင်တွေ တွေ့မြင်
တော့ကော . . . (မဆိုင်ပါဘုရား) မျှောမြဲတိုင်းမျှောရတယ်
. . . (မှန်လှပါဘုရား) ဘာကြောင့်တုံး တုပ်ပြီးနှောင်ပြီး
ချည်ပြီး ဖြစ်နေလို့ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဘာ့ကြောင့်ပါလိမ့် . . . (တုပ်ပြီး၊ နှောင်ပြီး၊ ချည်ပြီး
ဖြစ်နေလို့ပါဘုရား) တုပ်ပြီး၊ နှောင်ပြီး၊ ချည်ပြီးမှာ တဏှာ
ရေက မျှောလိုက်တော့၊ ဒကာသစ်ရေ . . . ဒီကနေ့ မန္တလေး
သွားလိုက်တာ တဏှာရေကမျှောလိုက်တာ (မှန်ပါ့) မန္တလေး

www.dhammadownload.com



ကနေ ဒီပြန်လာတော့ကော . . . (တဏှာရေက မျှောလိုက်တာပါဘုရား)။

ခင်စရာမင်စရာမရှိလို့ရှိရင်ဖြင့် ကြောင့်ကြစိုးရိမ်စရာမရှိလို့ရှိရင်ဖြင့် ဒကာကြွယ် အသွားနဲ့အပြန်နဲ့ နေနိုင်ပါ့မလား . . (မနေနိုင်ပါဘုရား) ရစရာ၊ ယူစရာမရှိရင်ကော အသွားအပြန် အလုပ်လုပ်နိုင်ပါ့မလား . . . (မလုပ်နိုင်ပါဘုရား)။

အဲဒီတဏှာရေက မျှောလိုက်တယ် (မှန်လှပါဘုရား) ဟိုမှာ ရစရာရှိတယ် ဒီမှာယူစရာရှိတယ်၊ ဟိုမှာခင်စရာရှိတယ်၊ ဟိုမှာမိတ်ဆွေရှိတယ် ဟိုမှာငွေရစရာရှိတယ်၊ ဟိုမှာခင်တဲ့လူရှိတယ် အစရှိသည်နဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေဒိဋ္ဌိကြိုးတုပ်ပြီး တဏှာရေကမျှောနေတာ . . . (မှန်ပါ့)။

အဲဒါကြောင့်တောင်ကလူတွေ မြောက်သွားလှချည့်လား၊ တောင်ကလူတွေ မြောက်သွားလှချည့်လား၊ ဆိုတဲ့ဥစ္စာ ဒကာကြွယ်ရေ ဘယ်သူမျှောလိုက်တာပါလိမ့် (တဏှာရေမျှောလိုက်တာပါဘုရား)။

ဪ. . . လွတ်လွတ်လပ်လပ်မျှောတာလား ချည်ပြီးတုတ်ပြီးမျှောတာလား . . . (ချည်ပြီးတုပ်ပြီး၊ မျှောတာပါဘုရား) ကဲဒါဖြင့် ဒကာဒကာမတို့ ကိုယ့်ဖြစ်စဉ်ကဖြင့် ဆိုးလှချည့်လား . . . (ဆိုးပါတယ်ဘုရား) ဦးသန်းမောင်ကိုယ့်ဖြစ်စဉ် . . . (ဆိုးပါတယ်ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

www.dhammadownload.com



ဒီအထဲမှာ တဏှာရေက မျှောလိုက်တဲ့အခါကျတော့ ဥပမာ-ဆိုင်တစ်ခုရောက်သွားတယ်၊ ကိုယ့်အိမ်ကိုယ့်ယာ ရောက်သွားတယ်ထားပါတော့၊ တဏှာမျှောလိုက်တော့ ကိုယ့်အိမ်ကိုယ့်ယာ ပြန်ရတယ် (မှန်ပါ့)။

တဏှာက ပြန်ခိုင်းလို့ပြန်တယ်၊ နင့်မှာ ဒီမှာနေလို့ အကျိုးကျေးဇူးမရှိဘူး၊ နင့်သားနင့်သမီးက ဟိုမှာဆိုလို့၊ တဏှာရေက မျှောလိုက်တဲ့အခါ မျှောပြီးသွားရှာတယ်။

ချည်ပြီးတုပ်ပြီး သမားမျှောပြန်တယ် မျှောတဲ့အခါ ကျတော့ ဟိုရောက်တဲ့အခါကျတော့ အင်း . . . ဟိုဟာ လည်း ငါလုပ်မှ၊ အင်း . . . ဘယ်သူကော ကျန်းမာရဲ့လား ဘယ်သူချမ်းသာရဲ့လား ဘယ်သူကောနေကောင်းရဲ့လား၊ အင်း. . . ဘယ်သူသည်ကားဆိုလို့ရှိရင်ဖြင့် အကြောင်း ညီညွတ်ကဲ့လား အစရှိသဖြင့် အာရုံငါးပါးထဲမှာ လှည့်နေ တယ်။

## ဉာဏ်နဲ့ကြည့်တော့ ဝဲလှည့်နေတာ

ဒကာသစ်ဘယ်အထဲ လှည့်နေသလဲ . . . (အာရုံ ငါးပါးထဲလှည့်နေပါတယ်) အာရုံငါးပါးထဲ လှည့်သွားတယ်၊ ဟိုကျငြိမ်ငြိမ်နေသလားတဲ့၊ (မနေပါဘူးဘုရား) ပတ်ပတ် လည်နေတယ် (မှန်ပါ့)။

www.dhammadownload.com



အဲဒါ ဝဲထဲရောက်သွားတာကိုး (မှန်ပါ့) အင်း-ချည်ပြီး တုပ်ပြီးသမား တဏှာရေက မျှောလို့ ကိုယ့်အိမ်ကိုယ့်ယာ ရောက်သွားတယ်၊ ကိုယ်ခင်တဲ့ဆီ ရောက်သွားတယ်၊ ရောက်တဲ့နေရာကျတော့ မအားအောင် ဖြစ်လာတာ ဝဲလှည့်တာ . . . (မှန်ပါ့) ဆိုးဝါးလိုက်တာ၊ ဒကာဒကာမတွေ ဉာဏ်နဲ့ကြည့်ပါ။

ခင်ဗျားတို့ချည်းကျရင်ဖြင့် ဟုတ်သားပဲ၊ လူဆိုတာ ဒီလိုနေကြရမှာပဲ၊ အစရှိသဖြင့် ခင်ဗျားတို့အနေကဖြင့် ဖြစ်သည့်အကြောင်း အကောင်းချည်းထားတာ (မှန်ပါ့)။

ဖြစ်သည့်အကြောင်း . . . (အကောင်းချည်းပါဘုရား) ကြည့်တဲ့ဉာဏ် အမြင်နဲ့အခု ဖြစ်နေတာနဲ့ ကိုယ်တိုင်သိလိုက်တဲ့အခါကျတော့ ချည်ပြီးတုပ်ပြီးမျှောတဲ့ တာလပ္ပထုဇဉ် ဟိုမှာဝဲထဲရောက်ပြန်ပြီ သေခြင်းဆိုးမှ သေပါ့မလား (သေမှာပါဘုရား)။

## ကိုယ့်အခြေအနေကိုယ်သိကြစမ်းပါ

ဉာဏ်နဲ့စဉ်းစား၊ ဉာဏ်နဲ့စဉ်းစားပါ၊ ကိုယ့်အခြေအနေ ဘာဖြစ်နေတယ်ဆိုတာ သိကြစမ်းပါ (မှန်ပါ့) ဉာဏ်နဲ့ စဉ်းစားပါ ဒကာသစ်ရေ ကိုယ့်အခြေအနေပေါ်လာပြီ (ပေါ်ပါပြီဘုရား)။

www.dhammadownload.com



ခန္ဓာကြီး ချည်ထားတုပ်ထားတာက တထစ်ရှိတယ်၊ လှုပ်နိုင်စရာကော ရှိသေးရဲ့လား . . . (မရှိပါဘုရား) ထွက်ပေါက်တွေ့သေးရဲ့လား (မတွေ့ပါဘုရား) သဘောပါပလား . . . (ပါပါပြီဘုရား)။

ချည်ပြီးတုပ်ပြီးထဲမှာ ဒကာဒကာမတို့ တဖျာက လည်း ဟိုခိုင်း ဒီခိုင်းဆိုတော့ မျောရပြန်တာပဲ (မှန်ပါ့) မမျောရ ဘူးလား . . . (မျောရပါတယ်ဘုရား)။

မျောပြီးသကာလ မျောလို့ရောက်တဲ့နေရာကျပြန် တော့လည်း အကောင်းနေရာ ရောက်သလားတဲ့၊ ဟိုမေးရ၊ ဒီမြန်းရ၊ ဟိုပူရ၊ ဟိုဆွေးရ၊ ဟိုစမ်းကြည့်ရ၊ အင်း ဟိုဟာလေး ထုတ်ကြည့်ရ၊ ဟိုအကြောင်းမေးရ၊ ဆိုပြီးသကာလ ရောက်တဲ့ နေရာမှာလည်း မျက်နှာက ဟိုလှည့်၊ ဒီလှည့်၊ လှည့်နေရတယ် . . . (မှန်ပါ့)။

ဘာပြုလို့ ဦးသန်းမောင်ကြီး၊ လှည့်နေရပါသတုံး မေးတော့ ဝဲ ဘုရား၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဒကာ ကြွယ် ဘာကြောင့်အိမ်ရောက် ဟိုကြည့်ဒီကြည့် ကြည့်ရတာ လဲ . . . (ဝဲပါဘုရား)။

အင်း- ဘယ်လိုမျှား မျောလာပါလိမ့်၊ ချည်ပြီး တုပ်ပြီး မျောလာတာ (မှန်ပါ့) ချည်ပြီးတုပ်ပြီး မျောပြီး ဘယ်ရောက်

www.dhammadownload.com



ပါလိမ့် . . . (ဝဲထဲရောက်ပါတယ်) မြုပ်မှုမြုပ်ပဲ့မလား. . . (မြုပ်ပါတယ်ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီ)

မြုပ်မှုမြုပ်ပဲ့မလားဆိုတာလည်း ဒကာကြွယ် သေချာ စဉ်းစားပါ ဘုန်းကြီးတို့ ဒကာဒကာမတွေအဖြစ်တွေကတော့ ဖြင့် စိုးရိမ်တာရယ် ကြောင့်ကြတာရယ် ပူဆွေးတာရယ် ဟိုသွားမေးချင်တာရယ်၊ ဒီစိတ်မချတာရယ် လှည့်နေတာပဲ ဟိုလည်း သွားပြီးမေးလိုက်ချင်တယ်။

ဒီလည်းစိတ်မချဘူးဆိုတော့ ဟိုဘက်လှည့်လိုက် ဒီဘက် လှည့်လိုက်၊ ကိုယ့်အိမ်အခြေအနေကော ဖြစ်မဖြစ် ကြည့်လိုက် စီးပွားရေးအခြေအနေကော ရှေ့ရေးနောက်ရေး ဝေဖန်ပြီး ကြည့်လိုက် (မှန်ပဲ့ဘုရား)။

အိမ်ကျတော့ ဦးသန်းမောင်ရေ ပြန်သွားတော့ ဣန္ဒြေရရနေရသလား၊ ဟိုကြည့်ဒီကြည့်နဲ့ပဲ ပြီးလာတာပဲလား မေးရင် ဘယ်နှယ်ဖြေမလဲ (ဟိုကြည့် ဒီကြည့်နဲ့ ပြီးလာတာ ပါဘုရား)။

## ဝဲထဲရောက်နေလို့

ဟာ ဘာဖြစ်နေတာတုံး ဣန္ဒြေရရ၊ တည်တည်ကြည် ကြည် မဖြစ်တာလို့ မေးလို့ရှိရင် ဝဲထဲရောက်လို့ပါဘုရား (ဝဲထဲရောက်လို့ပါ) ပေါ်ကြပလား (ပေါ်ပါပြီ) ဘယ်အထဲ

www.dhammadownload.com



ရောက်လို့လဲ . . . (ဝဲထဲရောက်လို့ပါ) လှည့်နေပြီ၊ လှည့်နေပြီ။

အိမ်ရှေ့အခန်းက နောက်ခန်း၊ နောက်ခန်းကနေ တောင်ခန်း၊ တောင်ခန်းကနေ မြောက်ခန်း၊ လှည့်လိုက်တဲ့ ဖြစ်ခြင်းမှ ဒကာဒကာမတွေ အားကျရဲ့လား . . . (မအားပါ ဘုရား)။

ဘာဖြစ်လို့ ဒါလောက်လှည့်ပါလိမ့်မတုံးဆိုတော့ အို မျောတုန်းကလည်း ချည်ပြီးတုပ်ပြီး၊ အဲဒီတင် တဏှာရေက မျှောလိုက်လို့ ရောက်ရာဌာနကျတော့ ဝဲလှည့်ရာသူဖြစ်နေ တယ် သဘောကျပလား . . . (ကျပါပြီ)။

ဒီကနေပြီးသကာလ ဝဲလှည့်ရာမျောပြီးသကာလ နေတဲ့အခါကျတော့ ဝဲဆိုတာ ဒကာသစ်ရဲ နောက်ဆုံးပိတ် တစ်နေ့မြုပ်တယ်၊ (မှန်ပါ့) နောက်ဆုံးပိတ်တစ်နေ့ကျတော့ . . . (မြုပ်ပါတယ်ဘုရား)။

မြုပ်ဆိုတာက ဝဲလှည့်ရင်းမတ္တာနဲ့ ဟိုစိုးရိမ်၊ ဒီစိုးရိမ် ဟိုကြောင့်ကြနဲ့ သေပွဲဝင်တယ်ဆိုတာ မြုပ်တာ (မှန်လှပါ ဘုရား)။

ဟိုစိုးရိမ်ဒီကြောင့်ကြနဲ့ ဟိုစိတ်မချ၊ ဒီစိတ်မချ၊ ဟိုမှာ ခင်လျက် တန်းလန်း၊ ဟိုမှာစာရင်းမရှင်းနိုင်လို့ တန်းလန်း၊ ကိုယ့်အတွက်ကလည်း အပူကမအေး၊ အစရှိသည်နဲ့ မြုပ် သွားတယ်။

www.dhammadownload.com



## အပါယ်လေးပါး ပိတ်တယ်

မြုပ်သွားတော့ ဘယ်ဘက်စဉ်ထွက်သွားသလဲလို့ မေးခွန်းထုတ်ဖို့ မလိုဘူးလား . . . (လိုပါတယ်) အင်း ဘယ်ဘက်စဉ်ထွက်သွားသလဲဆိုတော့ အပါယ်လေးပါးဘက်ကို ဝဲက ရမ်းပို့လိုက်တယ် . . . (မှန်လှပါဘုရား) သဘောကျပလား . . (ကျပါပြီ)။

အပါယ်လေးပါးဘက်ကို ဝဲက ရမ်းထုတ်ပြီးသကာလ အဲဒီကျတော့ဖြင့် သူ့အကျိုးပေးရှိသရွေ့ အကုန်ခံရုံပဲ၊ သဘောကျပလား (ကျပါပြီဘုရား) သူ့အကျိုးပေးရှိသရွေ့ . . . (အကုန်ခံရုံပါဘုရား)။

ဩော်-ဒါဖြင့် ဒကာဒကာမတွေ လူ့ပြည်လာပြီး သကာလ ဘာများလုပ်နေကြသတုံးဆိုတော့ ကိုယ့်ကြိုးနဲ့ ကိုယ်တုပ်နေတယ်ဘုရား (မှန်ပါ့) ကိုယ့်ကြိုးနဲ့ ကိုယ်ဆိုတာ ဒိဋ္ဌိပေါ့ဗျာ။

လက်မောင်းလည်း ငါ့ဟာ ကြိုးတုပ်တာပဲ၊ မျက်လုံးလည်း ငါ့ဟာ ကြိုးတုပ်တာပဲ လက်ဝတ်လက်စားတွေကော (ငါ့ဟာပါဘုရား) ဘာတွေလျှောက်တုပ်နေတာလဲ ဒိဋ္ဌိကြိုးတွေ လျှောက်တုပ်နေတာ (မှန်ပါ့) ဒကာကြွယ် ဘာတွေလဲ. . . (ဒိဋ္ဌိကြိုးတွေလျှောက်တုပ် နေပါတယ်ဘုရား)။

www.dhammadownload.com



တုပ်နေလို့ရှိရင် ဒီအနားမထနိုင်ပဲ နေပါလားဆို တော့ တဏှာက သွားဦးဟ စီးပွားရေးရှာချေဦး၊ ကိစ္စလေး ပြီးအောင်သွားလိုက်ပါဦးဆိုတော့ မျှောလိုက်တယ်၊ တုပ်ပြီး သား မျှောချလိုက်တယ်၊ သဘောကျပလား (ကျပါတယ်)။

တုပ်ပြီးသားမျှောပြီးရောက်တဲ့ နေရာကျတော့ ကုန္ဒြေရရှ ဘဝင်အေးအေးလေးနဲ့ နေလို့ဖြစ်ကြရရဲ့လား . . . (မဖြစ်ပါဘုရား) သွားစရာတွေက ပုံနေတာပဲဘုရား။ ဟိုဒင်းလည်း မထည့်မကောင်းဘူးဘုရား၊ ဟိုအိမ်လည်း လက်ဆောင်မပေး မကောင်းဘူးဘုရား၊ ဟိုအိမ်လည်း မျက်နှာမပြ မကောင်းဘူးဘုရားဆိုပြီး၊ ဒီမျက်နှာကလေးဟာ လှည့်လို့ကို ပြီးသေးရဲ့လား . . . (မပြီးပါဘူးဘုရား)။

ဒကာသစ်တို့ ဘာဖြစ်တာတုံးဆိုတော့ ဝဲလှည့်တာ၊ မျက်နှာလည်ပြတာ ဘာပါလိမ့် . . . (ဝဲလှည့်တာပါ) ဩော် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒါ ဝဲလှည့်တယ်လို့ဖြင့် မသိ ရှာဘူး (မသိရှာပါဘုရား) ညှော်ဝတ်ဆောင်ဝတ် ကျေအောင် လုပ်ရတာပဲ (မှန်ပါ့) လှည့်တာကတော့ လှည့်နေမှာပဲ။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

တဏှာတွေက မျှောရုံတွင်မကဘူး ဝဲတွေဆီလှည့် နေတာပဲ၊ အလှည့်ခိုင်းတယ်၊ ဘယ်ပုဂ္ဂိုလ်အလှည့်ခိုင်းတာ လဲဆိုတော့ ချည်ပြီးတုပ်ပြီး သမား၊ ဒိဋ္ဌိရှိပြီးသား ပုဂ္ဂိုလ်ကို

www.dhammadownload.com



တဏှာရေက လှည့်တယ် (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

တဏှာရေက လှည့်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့ ဝဲက ကျဉ်းကျဉ်း၊ ကျဉ်းကျဉ်းပြီးသွားဟယ် ဒီကနေ ကျဉ်းကျဉ်း၊ ကျဉ်းကျဉ်းသွားတယ်ဆိုတာ ဒကာသစ်ဘောဖြစ် မလို့ ကျဉ်းကျဉ်းသွားပါလိမ့် (မြုပ်မလို့ပါဘုရား) ပေါ်ကျ ပလား . . . (ပေါ်ပါပြီဘုရား)။

## အသက်ကြီးလေ ဒိဋ္ဌိပိုများလေ

ဘာပြုလို့ ကျဉ်းကျဉ်းသွားပါလိမ့် (မြုပ်မလိုပါဘုရား) ဩော် ဒါဖြင့် အသက်ကြီးလေလေ ဒကာကွယ်ရေ ဒိဋ္ဌိကြီး ကကော များလေလေပဲ၊ (များပါတယ်ဘုရား) သဘောကျ ပလား (ကျပါပြီ)။

အသက်ကြီးလေလေ ဒိဋ္ဌိကြီးက (များလေလေပါ ဘုရား) နဂိုကတော့ တစ်ကိုယ်တည်းကြီး၊ အခုတစ်ခါ သားကြီးကပတ်၊ သမီးကြီးကပတ်၊ မြေးကြီးကပတ်ဆိုတော့ ဒကာသစ်ရေ ကြီးပေါင်း ရေတွက်နိုင်သေးရဲ့လား (မရေ တွက်နိုင်ပါဘုရား)။

အသက်ကြီးတော့ ကြီးအထပ်ထပ်ဖြစ်တယ် (မှန် လှပါဘုရား) ကြီးအထပ်ထပ်ဖြစ်လေ၊ မလှုပ်နိုင်လေ (မှန်ပါ့)

www.dhammadownload.com



မလုပ်နိုင်တဲ့အထဲမှာ ကိလေသာ တဏှာတွေက သွားပါဦးလား၊ လာပါဦးလား၊ ပြောပါဦးလား၊ ဆိုပါဦးလားဆိုပြီး သကာလ သွားစရာလာစရာ ရှိတာတွေတုပ်ပြီးသမား မျှောတယ်။

ခင်ဗျားတို့ သွားနေတာက ဒီတဏှာမပါပဲနဲ့ သွားလို့ ဖြစ်ကြရဲ့လား (မဖြစ်ပါဘူး) ခင်လို့သွား၊ ကြောင့်ကြလို့သွား၊ ပူဆွေးလို့သွား သဘောကျပလား (ကျပါပြီ) ဒါ တဏှာရေက ဘာလုပ်လိုက်သလဲ (မျှောလိုက်ပါတယ်ဘုရား)။

အင်း- ဟိုကျတော့ ဦးသန်းမောင် အငြိမ်နေလို့ ရရဲ့လား (မရပါဘူး) သားစိတ်မချ၊ သမီးစိတ်မချ၊ ပစ္စည်းစိတ်မချ၊ အိမ်စိတ်မချ၊ ယာစိတ်မချ၊ အတွင်းပစ္စည်း၊ အပြင်ပစ္စည်းတွေ စိတ်မချတာတွေ လှည့်လည်ပြီးသကာလ လူက ဇိမ်နေပြားသော်လည်း စိတ်က လှည့်နေတာပဲ .... (မှန်လှပါဘုရား)။

မလှည့်ဘူးလား ... (လှည့်ပါတယ်) တစ်ခါ တလေကျတော့လည်း စိတ်ကမချရုံသာမက လူကလည်း လှည့်လိုက်သေးတယ်။ အင်း-ဒါက ဘာဖြစ်တာပါလိမ့် (ဝဲလှည့် တာပါဘုရား)။

အင်း - တုပ်ပြီးသမားမျှောလာတဲ့အထဲမှာ ဝဲနဲ့သွား တွေ့တယ် (မှန်ပါ့) တုပ်ပြီးသမား ... (မျှောလာတာ ဝဲနဲ့

www.dhammadownload.com



သွားတွေ့ပါတယ်ဘုရား) ဝဲနဲ့သွားတွေ့တယ်၊ အဲဒါ ဒကာ ဒကာမတွေက အိမ်ရောက်မှပဲ အင်း ကိုယ့်နေရာ ရောက်မှ ပဲ အေးအေးလွင်လွင် စိတ်အေးလက်အေး နေရတယ်လို့ ပြောများနေရသေးတယ်၊ (မှန်လှပါဘုရား)။

အမလေး၊ ဟိုကျမှ ဝဲလှည့်တာ ရိပ်မိပလား . . . (ရိပ်မိပါတယ်) သူများအိမ်သွားတဲ့အခါ ညွှဲသည်လုပ်နေရ တဲ့ အချိန်ကျတော့ ဝဲလှည့်စရာမရှိဘူး။ ဒီအိမ်အမိုးပျက်နေ လည်း ကိုယ်နှင့်မဆိုင်ဘူး၊ ဒီကြမ်းလေးပေါက်နေလည်း . . . (ကိုယ်နှင့်မဆိုင်ပါဘုရား) ဒီအစာလေးမစားရလည်း (ကိုယ်နှင့် မဆိုင်ပါဘုရား)။

ကိုယ်နှင့်မဆိုင်တာမို့ ဣန္ဒြေက ဆင်ခြင်လို့ရတယ် ကိုယ့်အိမ်ကိုယ့်ယာကျတော့ မပြည့်စုံတာတွေ့ရင် ကိုယ့် တာဝန်ချည်းဆိုပြီးသကာလ နေရာတိုင်း ကြည့်လိုက်တယ်၊ ဘယ့်နှယ်ကြောင့် ကြည့်လိုက်ပါလိမ့်မတုံး ဆိုတော့ တဏှာ ဝဲက လှည့်နေပြီ (မှန်လှပါဘုရား)။

ပထမပျော်တယ် နောက်ရောက်တဲ့နေရာကျတော့ (လှည့်တယ်) လှည့်တတ်တယ်ဆိုတာ သေချာပလား (သေ ချာပါတယ်ဘုရား)။

လှည့်ဖန်များပြီးသကာလ လှည့်ရတာများတော့ အိမ့်ကိစ္စ၊ ယာကိစ္စ လှည့်နေတာ လှည့်ရင်းမတ္တနဲ့ကနေ

www.dhammadownload.com



ခန္ဓာကိုယ်ကြီးသည်ကားလို့ဆိုရင် မလှည့်နိုင်တဲ့ အခြေ၊ အိုနာသေးကြီးဖြစ်လာတယ်၊ (မှန်ပါ့)။

အဲဒီမှာ တစ်ခါတည်း ဝိညာဉ်ချုပ်ပြီးသကာလ မြုပ်-တယ် (မှန်ပါ့) ဘယ်ရောက်သွားပါလိမ့် . . . (အပါယ်လေးပါး ရောက်ပါတယ်) အပါယ်လေးပါး ရောက်သွားတယ် (မှန်ပါ့)။

ဒကာဒကာမတို့ မျောတုံးကလဲ ခြေလက်မသန်ပါဘူး တုပ်ပြီးသားပဲ (မှန်ပါ့) တုပ်ပြီးသားကနေတစ်ခါ၊ တကျော့ကနေ ဟိုသွားခိုင်းဒီသွားခိုင်း၊ မျောရပြန်ပြီ၊ မျောရာကနေပြီးသကာလ ရောက်တဲ့အခါလှည့်ပြန်ပြီ လှည့်ရင်းမတ္တနဲ့အသက်ကြီးသွားပြီး ဒကာကွယ်ရေ မြုပ်တာပဲ (မှန်ပါ့)။

မြုပ်တော့ ဘယ်ရောက်သွားလဲ . . . (အပါယ်ရောက်သွားပါတယ်) အပါယ်လေးပါး နေရာရွေးနိုင်သေးသလားလို့ မေးတော့ ဝဲပို့ရာပဲ . . . (သွားရပါတယ်ဘုရား) ဘယ့်နှယ်ဆိုကြမလဲ . . . (ဝဲပို့ရာသွားရပါတယ်ဘုရား)။

ငရဲလား၊ တိရစ္ဆာန်လား၊ ပြိတ္တာလား၊ အသူရကာယ်လားလို့ လေးပါးရှိတဲ့အနက်က တပည့်တော် ဘယ်ရောက်မှာလည်းမေးတော့ မဟုတ်ဘူး၊ အဲဒီဝဲပို့ရာ ရောက်မှာပဲ (မှန်ပါ့)။

www.dhammadownload.com



## ဝဲဆိုတာ အောက်ကိုဆောင်တယ်

ဝဲဆိုတာသည်၊ ဒကာဒကာမတို့ အောက်တော့ ဆောင်သွားမှာပဲ သဘောကျပလား (ကျပါပြီ) အင်း သူက ဘယ်ပို့လိုက်သလဲဆိုတော့ (အောက်ပို့တယ်) အောက်ပို့လိုက် ပြီး ဖြာထွက်သွားတဲ့အခါကျတော့ ဒကာဒကာမတို့ ဘယ်နေရာ တပည့်တော်ရောက်မှာတုံးလို့ မေးတဲ့အခါကျလို့ ရှိရင် ဘုန်းကြီးတို့ ဒကာဒကာမတို့ ဖြေစရာ မရှိပါဘူး (မှန်ပါ)။

တဏှာပဲ စီမံရာပဲရောက်မယ်၊ ဘယ်နှယ်ဆိုကြမယ် (တဏှာပဲ စီမံရာရောက်မယ်) ကိုယ့်သဘောပြောကြစမ်း ပါဦး . . . (တဏှာပဲစီမံမယ်) ဒကာကြွယ်ရေ ကိုယ်သဘော ပြောပါဦး . . . (တဏှာစီမံရာရောက်မယ်)။

ကိုယ့်သဘောဖြင့် ပါသေးရဲ့လား . . . (မပါပါဘူး) ဘယ်ပါနိုင်လိမ့်မလဲ ဦးသန်းမောင်ရဲ့ ချည်ပြီးတုပ်ပြီး ကိုယ့်သဘောဘယ်ဟုတ်တော့မတုံး (မှန်ပါ)။

မျောနေသည်က ဒကာဒကာမတွေ ရေစီးက သန်ပါ ဘိနဲ့ဆိုတော့ သားကလေးဆိုပြေးရဲ့ သမီးကလေးဆို (ပြေးရ ပါတယ်ဘုရား) ရေစီးဘယ်လောက် သန်သလဲ . . . (သန်ပါ တယ်ဘုရား)။

ရေစီးသန်နေတော့ တော်တော့သစ်ကိုင်းဆွဲလည်း

www.dhammadownload.com



ဒကာဒကာမတို့ သစ်ကိုင်းက သစ်ကိုင်းဆွဲမိလည်း ဆွဲမှုကြောင့် ကိုယ်အပေါ် ပိသေးတယ် ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ကဲ- ဒါဖြင့် ဆွဲဝံ့လား၊ မဆွဲနိုင်အောင်ပဲ ရေစီးကမျှော ပြီးသကာလ နောက်ဆုံးပိတ် ရေဆိုဝဲရှိတယ်ဆိုတာ အားလုံး ဒကာဒကာမတွေ သိပြီးသားဖြစ်နေတော့ လှည့်ကြမှာပဲ (မှန်လှပါဘုရား)။

လှည့်တာသည် အစသာကျယ်ကျယ်လှည့်ရပါတယ် နောက် အိုခြင်းဆိုးလာတော့ ကျယ်ကျယ်လှည့်နိုင်သေး ရဲ့လား . . . (မလှည့်နိုင်ပါဘုရား) ကိုယ့်အိမ်ပေါ်တွင် ကိုယ်လှည့်နေတယ် သဘောကျပလား . . . (ကျပါပြီဘုရား) ကြာတော့အိပ်ယာပေါ်တွင် လှည့်နေတယ် . . . (မှန်ပါ့ ဘုရား)။

အိပ်ယာထဲတွင် စိတ်ကလှည့်နေတာပဲ သဘောကျ ပလား (ကျပါပြီ) အဲဒီကနေပြီးသကာလ ဝဲညဥ်ချုပ်ပြီး မြုပ်တာ (မှန်ပါ့ဘုရား)။

ဒကာဒကာမတို့ ပထမတရားမှာ ဒိဋ္ဌိခွာရမယ်ဆိုတာ ကြိုးမတုပ်မိခင် ကျုပ်တို့ကိစ္စမရှိဘူး (မှန်ပါ့) ကြိုးမတုပ်မိရင် . . . (ကိစ္စမရှိပါဘုရား) ကြိုးမတုပ်မိရင် လွတ်ရေးကျွတ်ရေး

www.dhammadownload.com



ရှိသေးတယ်။ ကြိုးမတုပ်မိရင် တစ်နာရီလောက် မျှောဦးတော့ ကမ်းတွေသောင်တွေ တွေ့ရင် အားကိုးရာတွေ့တယ်။

ကြိုးတုပ်မိတဲ့အတွက် ကမ်းတွေသောင်တွေ တွေ့ ငြားသော်လည်း ခိုကိုးရာမဲ့ဖြစ်သွားတယ်၊ ပေါ်ကျပလား . . . (ပေါ်ပါပြီ)။

## ကြိုးနဲ့ရေ ကြိုးကြောက်ရမယ်

ကြိုးနဲ့ရေ ဒကာဒကာမတို့ တစ်နံပါတ် ဘယ်သူ့ ကြောက်ရမလဲ၊ (ကြိုးကြောက်ရမယ်ဘုရား) ဪ ဒါဖြင့် ဆရာဘုန်းကြီး ဒိဋ္ဌိဖြတ်ပေးမယ် (မှန်ပါ့)။

ဒိဋ္ဌိဖြတ်လို့ရှိရင် တဏှာကျန်တယ်၊ ကျန်ပင်ကျန် ငြားသော်လည်း သောင်ကမ်းတွေ့ရင် တက်နိုင်တယ်။ ဘာ့ ကြောင့်လည်း ခြေလက်ကပင်ကိုအတိုင်းရှိတယ် (မှန်ပါ့)။

ခြေလက်က . . . (ပင်ကိုအတိုင်းရှိပါတယ်) ပင်ကို အတိုင်းရှိတော့ မောင်ဘသော်တို့ အင်း . . . ကမ်းတွေ့ရင် နားလို့ပြုလို့ရသေးတယ် ငါ၏ခိုကိုးရာ၊ သောင်တွေ့ရင်လည်း . . . (ငါ၏ခိုးကိုးရာ) ငါ၏ခိုကိုးရာဆိုပြီးသကာလ နားလို့ ပြုလို့ရသေးတယ်ဆိုတော့ ဝဲထဲအောင် မသွားတော့ဘူး (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

www.dhammadownload.com



ဒါဖြင့် ကျုပ်တို့သည် ဝဲရယ်၊ ရေစီးသန်ရယ်၊ ချည်တုပ်မှုရယ်၊ ဘယ်ဟာကြောက်စရာကောင်းလည်း။ (ချည်တုပ်မှုကြောက်စရာကောင်းပါတယ်) ဒီကျမှ ခင်ဗျားတို့ ဒိဋ္ဌိ ပေါ်လာတယ် (မှန်ပါ့) ဒိဋ္ဌိအဆိုးဆုံး ပေါ်ကျပလား (ပေါ်ပါပြီဘုရား)။

ဒကာဒကာမတို့ ဘာအဆိုးဆုံးပါလိမ့် (ဒိဋ္ဌိအဆိုးဆုံးပါဘုရား) ဒို့ကြောင့် ပထမ မဂ်က ဒကာသစ်ရ ဒိဋ္ဌိပယ်တယ် (မှန်ပါ့) ဒုတိယမဂ်၊ တတိယမဂ်တွေကျမှ တဏှာပယ်တယ် (မှန်လှပါဘုရား)။

စတုတ္ထမဂ်ကျမှ အဝိဇ္ဇာပယ်တာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဒါဖြင့် အဆိုးဆုံးကို အဆိုးဆုံး၊ ဉာဏ်နဲ့ပယ်ရတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဒိဋ္ဌိပြုတ်ရင်ဖြင့် ခုနက တဏှာရေမျော စေကာမူ ဝဲထဲမရောက်ဘူးဆိုတာ အပါယ်လေးပါး လွတ်တာ၊ မလွတ်ဘူးလား (လွတ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒိဋ္ဌိဖြင့် ဒကာကြွယ် အရေးတကြီး ခွာရလိမ့်မယ် (မှန်ပါ့ဘုရား) ဒိဋ္ဌိကို . . . (အရေးတကြီးခွာရပါမယ်)။

**ဒိဋ္ဌိမခွာသရွေ့ကိုးစားရာမဲ့ပြီ**

ဒိဋ္ဌိမခွာသရွေ့ ကာလပတ်လုံး ဒကာဒကာမတို့

www.dhammadownload.com



ငါခက်ပြီဆိုတာ လာမှာပဲ၊ ငါကိုးစားရာမဲ့ပြီဆိုတာ. . . (လာမှာပါဘုရား) ငါချစ်သောသူနဲ့ ခွဲရပြီဆိုတာကော . . . (လာမှာပါဘုရား) လာမှာပဲတဲ့။

ငါတစ်လုံးမဖြုတ်သရွေ့ကာလပတ်လုံး ဒိဋ္ဌိတစ်လုံး မဖြုတ်သရွေ့ ကာလပတ်လုံး မျက်ရည်ကြီးငယ်ကျပြီး၊ ရေထဲမျော၊ မျောတော့ဝဲထဲရောက် အပါယ်ပေါက်။ ဒီမှ တစ်ပါး သွားစရာမရှိဘူးဆိုတာဖြင့် ငြင်းဆန်ဖို့မလိုပါဘူး (မလိုပါဘုရား) လိုကြသေးရဲ့လား . . . (မလိုပါဘုရား)။

အဲဒါကြောင့် ဝိသုဒ္ဓိမဂ်တွင် ဒကာကြွယ်ကြီးရ -

**ဒိဋ္ဌိ ဗန္ဓဘန္ဓာတေ တဏှာသောတေန ဝုယှရေ၊**

**တဏှာသောတေန ဝု ယှန္တာ နတေဒုက္ခာ ပမုစ္စရေ**

ဒိဋ္ဌိဗန္ဓနဘန္ဓာ၊ ဧသောမေအတ္တာဆိုတဲ့ ငါ့ကိုယ်ပဲ၊ ငါ့ဟာပဲလို့ ယူထားတဲ့ဒိဋ္ဌိတည်းဟူသော အနှောင်အဖွဲ့တွင် ချည်နှောင်၍ ထားသည်ဖြစ်လေသောကြောင့် တဏှာသော တေန တဏှာတည်းဟူသော ရေယဉ်က ဟိုဒိုင်း ဒီဒိုင်းနဲ့ မျောကြပြန်တယ် ဒကာဒကာမတွေ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒီကနေပြီး ပြန်ကြမယ်ဆိုလို့ရှိရင် ဒကာဒကာမတို့ ဘယ်သူမျှောရာ ပြန်မယ်ဆိုတာ တဏှာလက်ညှိုးညွှန်ရာ သွားရတယ်၊ လမ်းများမှားကြဦးမှာလား (မမှားပါဘူးဘုရား) မမှားဘူး။

www.dhammadownload.com



မျက်လုံးမှိတ်သွား ဒီလမ်းတော့ (ရောက်တာပဲဘုရား) အမလေး ကြောက်စရာကောင်းလှချည့်လား။ ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဘယ်နှယ်ကြောင့်ပါလိမ့်ဆိုတော့ တဏှာ မျှောရာလိုက်ရတာပဲ (မှန်ပါ့)။

ဟိုကျတော့ ဒကာဒကာမတို့ ကောင်းကောင်းနေရ မှာလား ဝဲတွေ့မှာလား . . . (ဝဲတွေ့မှာပါဘုရား) ဝဲတွေ့ရင် ဖြင့် မြုပ်မှမြုပ်ပါ့မလား . . . (မြုပ်ပါတယ်ဘုရား) သေသေ ချာချာပြောပါတယ် ဒကာကြွယ် (မှန်ပါ့ဘုရား)။

တဏှာသောတေနဝုယှန္တာ တဏှာသောတေန စတံမမ ဆိုတဲ့ ဤဟာလည်းငါ့ဟာပဲ ဒီဟာလည်း ငါ့ဟာပဲလို့ တဏှာနဲ့စွဲပြီးသကာလ တဏှာမြဲနေသောကြောင့် တဏှာ သောတေန ဝုယှန္တာ နတေဒုက္ခာ တေ-ထိုပုဂ္ဂိုလ်၏ ဒုက္ခာ အမျိုးမျိုးသော အပါယ်လေးပါးတည်းဟူသော ဒုက္ခ၊ အိုခြင်း နာခြင်းဒုက္ခ၊ နပမုစ္စန္တိ ဘယ်တော့မှ မလွတ်ဘူးကွတဲ့ (မှန်ပါ့) ဦးသန်းမောင် သဘောကျပလား . . . (ကျပါပြီဘုရား)။

ဝိဉ္ဉာဏ်က ချည်သမား၊ တဏှာက မျှောသမား၊ ဝဲက . . . (လည်သမားပါ) လည်သမား၊ မြုပ်ပေးသမား . . . (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဒီဘဝ မှာလည်း တစ်မဂ်မှမရဘူးဆိုရင် ဒီဝိဉ္ဉာဏ်က မကျွတ်ဘူး (မှန်ပါ့)

www.dhammadownload.com



ဒီဒိဋ္ဌိမကွာဘူးဆိုရင်လည်း တဏှာထင်သလို မျှော်မှာပဲ (မှန်ပါ့) မျှော်နိုင်သလောက် မျှော်ရင် ဝဲထဲရောက်မယ် (မှန်ပါ့)။

ဝဲထဲလည်နိုင်သလောက် လည်လို့ရှိရင် အောက်မှ တစ်ပါး အထက်ကို ဘယ်တော့မှ မရောက်ဘူး (မရောက်ပါဘူးဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒိဋ္ဌိ ဖြုတ်ခန်းကိုဖြင့် ဒကာဦးလှဘူး၊ သိပ်အရေးကြီးပါတယ် (အရေးကြီးပါတယ်)။

လက်လွှတ်မျှော်ရလို့ရှိရင်ဖြင့် တွေ့ရာ၊ ကိုင်ရာကို ဆွဲငင်ပြီး တက်လို့ရပါတယ် မဟုတ်ဘူးလား . . (ဟုတ်ပါတယ်) ဒိဋ္ဌိနဲ့မျှော်တော့ ဒိဋ္ဌိက ချည်ပြီးသားဖြစ်နေတော့ ဒကာဒကာမတွေ ကျုပ်တော့ သေလည်းဒီပဲ ဒိဋ္ဌိကချည်ထားတယ် (မှန်ပါ့) နေကော (ဒီမှာပါပဲဘုရား)။

သေလည်း ဒီပဲတဲ့ အမေအဖေခေါင်းချသွားတဲ့နေရာ (မှန်လှပါဘုရား၊) အမလေး ဘယ်နှယ်ကြောင့် ဒီလောက် ပြင်းထန်ပါလိမ့်၊ (ဒိဋ္ဌိကြောင့်ပါ) ဒိဋ္ဌိ၊ ဒိဋ္ဌိက ချည်ထားတယ် ရွှေ့လို့ကိုမရဘူး ၊ ရရဲ့လား . . . (မရပါဘုရား)။

အမေအဖေခေါင်းချသွားတဲ့နေရာတဲ့၊ ချမ်းသာလည်း ကျုပ်ဒီနေရာနေရမယ်၊ ဆင်းရဲလည်း (ဒီနေရာ

www.dhammadownload.com



နေရပါမယ် ဘုရား) ရှေ့မှ ကမ္ဘာသကာပဲ မရောင်းဘူး၊ အမလေး ချည်ထားလိုက်တာ . . . (မှန်ပါ့) ဒကာဒကာမတို့ ရိပ်မိ ပလား . . . (ရိပ်မိပါပြီဘုရား)။

## ကိုယ့်အိမ်မှာမှ ခေါင်းချချင်တယ်

ဒီဠို၊ ဒီဠို အမိုးမရှိပဲနဲ့နေတယ် အကာမရှိပဲနဲ့ကော . . . (နေပါတယ်) ဟ-ရွှေပါတော့လား ဟိုမှာ တိုက်တွေ၊ တာတွေ အမျိုးမျိုးကိုမဟုတ်ဘူး သူများအိမ်ခေါင်းမချချင်ဘူး၊ ကိုယ့်အိမ်မှာ ခေါင်းချချင်တယ်ဆိုတော့ ကိုယ်ဆိုတဲ့ဒီဠို ပါလာတယ် (ပါပါတယ်ဘုရား) မပါဘူးလား (ပါပါတယ်) ရှင်းကြပလား (ရှင်းပါတယ်ဘုရား)။

အဲတော့ ဒကာဒကာမတို့ ဆင်းရဲမှုပေးတာလည်း ဒီဠို ပဲ သဘောကျပလား (ကျပါပြီ) အပါယ်ရောက်တာကော . . . (ဒီဠိုပါဘုရား) ဒါဖြင့် ဒကာဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီဠိုက ချည်သမား၊ တဏှာက မျှော သမား၊ ဝဲက ကမ္မဝဋ်၊ ဒီဠဝဋ်၊ အဝိဇ္ဇာဝဋ် ဆိုတဲ့ ဝဲကြီး ကလည်း ခင်ဗျားတို့ကို လည်စီးနေတယ်၊ အောက်ပို့သမား . . . (မှန်လှပါဘုရား)။

ဆိုတော့ လွတ်ရေး ကျွတ်ရေး မြင်သေးရဲ့လားလို့ မေးရင် ဘယ်နှယ်ဖြေကြမလဲ . . . (မမြင်နိုင်ပါဘုရား)။

www.dhammadownload.com



အို ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကမ်းပေါ်ကနေ ကြည့်နေတော့ အို . . . ချည်ပြီး၊ မျှောပြန်၊ ပဟာ၊ မျှောပြီး ဝဲထဲရောက်ပြန်ပြီ (မှန်ပါ့) ကမ္ဘောဃ၊ ဒိဋ္ဌောဃ အဝိဇ္ဇောဃဆိုတဲ့ ဝဲထဲမျောပြန်ပြီ (မှန်လှပါဘုရား)။

## ကိုယ့်စွမ်းရည်သတ္တိအကုန်တုံးတယ်

မျောတဲ့ပုဂ္ဂိုလ်ကလည်း ထွက်ပေါက်မရှိဘူး (မှန်ပါ့) ဘာကြောင့်တုံးဆိုတော့ ရေစီးကလည်းသန်၊ ချည်ပြီးတုပ်ပြီး သကာလ ဖြစ်နေတော့ ကိုယ့်စွမ်းရည်သတ္တိ အကုန်တုံး (တုံးပါတယ် ဘုရား)။

သေသေချာချာ နားထောင်ကြည့်ပါ ဒကာဒကာမတွေ စွမ်းရည်သတ္တိတွေအကုန်တုံးတယ်၊ တစ်ခါတလေ သားလေးသမီးလေးတွေ ပျောလိုက်မယ်လို့ စိတ်ကူးတယ်၊ နာနာကြည်းကြည်း။ ဒိဋ္ဌိကချည်ထားပြန်တယ် (မှန်လှပါ) အို . . . မြှုံခံပါတော့မယ် (မှန်ပါ့)။

ငါ့ဟာလေးက တော်ကြာ ကစဥ့်ကရဲဖြစ်သွားလိမ့်မယ် ဒိဋ္ဌိကချည်ထားလိုက်တယ် မြှုံခံလိုက်တယ်၊ ဦးသန်းမောင် ပြောခွင့်ရှိတာတွေတောင် အကုန်ပြောရဲရဲ့လား (မပြောရဲပါဘုရား)။

www.dhammadownload.com



ဘယ့်နှယ်ကြောင့် မပြောရဲမဆိုရဲ လူကြီးမိဘ ဖြစ်ပါလျက်သားနဲ့ ဒကာကြွယ် ဘယ့်နှယ်ကြောင့် မြဲနေတာ လည်းဆိုတော့ ငါ့ဟာလေး ပျောက်သွားမှာစိုးလို့ (မှန်လှပါ ဘုရား) ဘယ်နှယ်ငါ့ဟာလေး ကစဥ့်ကရဲ သူက ကလန် ကဆန်လုပ်ပြီး ကိုယ့်အိမ်ကိုယ့်ယာနဲ့ ထွက်သွားမယ်ဆိုရင် ငါခက်ရချေရဲ့ကိုး (မှန်ပါ့)။

ဒါနဲ့ ဘာဖြစ်ကြလည်း (မြဲခံပါတယ်) ရှိသေးတယ် . . . (ရှိပါတယ်ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) အင်း သားဆိုးလင်ဆိုးနဲ့ တွေ့ရင်လည်း တစ်မျက်နှာက နှစ်မျက်နှာ မပြောင်းချင်ဘူး၊ မြဲခံတယ် (တင်ပါ့ဘုရား) ဘယ်နှယ်နေနေ (တင်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

အင်းမယားဆိုးနဲ့တွေ့ပြန်လည်း ယောက်ျားလုပ်တဲ့ ပုဂ္ဂိုလ်က လူမသိစေနဲ့ ကိုယ့်ဟာကို ကျိတ်ခံဟဲ့ နှိပ်ခံဟဲ့၊ ပုတီးများစိပ်နေသေးတယ် (မှန်ပါ့) ဘာဖြစ်တာလည်း ပြောကြစမ်းပါဦး ဒိဋ္ဌိချည်ထားတာ ငါ့ဟာပျောက်သွားမှာ စိုးလို့ (မှန်ပါ့)။

ဘာဖြစ်တာတုံး (ဒိဋ္ဌိချည်ထားတာပါဘုရား) လွတ် ကျွရဲ့လား (မလွတ်ပါဘုရား) ဩော် ဒါဖြင့် ချည်ပြီးမျောမှ မျောပါ့မလား . . . (မျောပါတယ်ဘုရား) အင်းမျောရင်

www.dhammadownload.com



ဝဲထဲမှ ရောက်ပါ့မလား (ရောက်ပါတယ်ဘုရား) အင်းမြစ်မှ မြုပ်ပါ့မလား . . . (မြုပ်ပါတယ်ဘုရား)။

## ကြိုးမချည်မိဖို့ အရေးကြီးတယ်

ဒါဖြင့် ဒကာဒကာမတို့ ဝဲလည်းမကြောက်နဲ့ ဆရာဘုန်းကြီးက သတိပေးလိုက်တယ်၊ ဒကာသစ်ရေ ဝဲလည်း (မကြောက်ပါနဲ့ဘုရား)။

ရေစီးသန်တာကိုလည်း (မကြောက်ပါဘုရား) ကြိုးမချည်မိအောင် အရေးကြီးတယ် ပေါ်ကြပလား (ပေါ်ပါပြီ) ဘာအရေးကြီးပါလိမ့်၊ (ကြိုးမချည်မိဖို့အရေးကြီးပါတယ်) ကြိုးမချည်မိအောင် အရေးကြီးပါတယ် (မှန်လှပါဘုရား)။

ဒါကြောင့် သောတာပတ္တိမဂ်ရမှ ကြိုးပြုတ်တယ် သဘောကျပလား (ကျပါပြီ) သောတာပတ္တိမဂ်ရမှ ကြိုးပြုတ်တယ်၊ သူက ဒိဋ္ဌိဖြုတ်နိုင်တာကိုး (မှန်ပါ့) သောတာပတ္တိမဂ်ရရင် . . . (ဒိဋ္ဌိဖြုတ်နိုင်ပါတယ်ဘုရား)။

## ဉာဏ်ဓါးထက်အောင်သွေးပေးပါ

ပထမမဂ်သာရပါစေဆိုတာ ဒကာဒကာမတွေ ငါတော့ဖြင့် ဒီလောက်တောင် ချည်နှောင်တုပ်ထားတဲ့ ဥစ္စာဖြင့် အဖြုတ်ကြီးဖြုတ်ပါတော့မယ်ဆိုပြီးသကာလ ဉာဏ်ဓါး

www.dhammadownload.com



ကို ထက်ထက်သွေးရလိမ့်မယ်၊ သဘောကျပလား (ကျပါပြီ)။

ဘာလုပ်ကျရမလဲ. . (ဉာဏ်မါးကို ထက်ထက်သွေးရပါမယ်) ဉာဏ်မါးဟာ ဘယ်မှာ သွေးရမှာတုံးဆိုတဲ့ အခါကျတော့မှ သမာဓိကျောက်ဖျာပေါ်မှာ သွေးရမယ် (မှန်ပါ့)။

ဒီနေ့ ရှေးဦးစွာ စ,ဟောတာ သမာဓိတည်ဖို့ ရှေးဦးစွာ စ,ဟောတာ ကျောက်ဖျာပေးလိုက်တယ်။

ဉာဏ်မါးကို ဒကာဒကာမတို့ သမာဓိကျောက်ဖျာပေါ်တင်ပြီး ဝီရိယတည်းဟူသော လက်နဲ့မြဲမြဲကိုင်သွေးပါ။ (မှန်ပါ့) သွေးလိုက်လို့ရှိရင် ထက်လာလိမ့်မယ်။

အဲဒီဉာဏ်မါးထက်လာရင်တော့ ကိုယ်ကတော့ဖြင့် သံသရာခရီးသည်မို့လို့ ဒိဋ္ဌိကတော့ချည်ပြီးသား ဒီအသိဉာဏ်ရှိတဲ့ဘဝမှာ ဒီဉာဏ်မါးနဲ့ ဖြတ်လိုက်ရလို့ရှိရင်ဖြင့် ကျုပ်တို့ လွတ်လပ်ရေးရပါပြီ။

ဒါဖြင့် ဘာလုပ်ဖို့ အရေးကြီးတုံးဆိုတော့ သမာဓိကျောက်ဖျာပေါ်မှာ ဉာဏ်မါးကို ကိုင်ပြီး ဝီရိယတည်းဟူသော လက်နဲ့မြဲမြဲဆုပ်ပြီး ကြပ်ကြပ်သွေးပေးပါ (မှန်ပါ့)။

သမာဓိကျောက်ဖျာပေါ်၌ ဉာဏ်မါးကို ဝီရိယတည်းဟူသော လက်နဲ့များများသွေးလိုက်ရလို့ရှိရင်ဖြင့် မါးထက်သွားမယ် (မှန်ပါ့) မထက်ပေဘူးလား (ထက်သွားမှာပါဘုရား)။

www.dhammadownload.com



ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်များမှာ ဒါကြောင့် သမာဓိဟာလည်း အရေးကြီးတယ်၊ ဉာဏ်ကကော. . . (အရေးကြီးပါတယ်) ဝီရိယကော . . (အရေးကြီးပါတယ်) ရှင်းကြပလား . . . (ရှင်းပါပြီ)။

ဒါကြောင့် ပညာမဂ္ဂင်က၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုတာ ဉာဏ်မါးပါပဲ သဘောကျပလား (ကျပါပြီ)။

သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိက ကျောက်ဖျာပါပဲ (မှန်ပါ့) သမ္မာဝါယမက လက်ပါ (မှန်ပါ့)။

သမ္မာဝါယမဆိုတဲ့ ဝီရိယလက်နဲ့ ဒကာသစ်ရော မြွေနေအောင်သွေးရလိမ့်မယ်၊ ရှင်းပလား. . . (ရှင်းပါပြီ)။ ဘယ်လိုလုပ်ရပ့်. . . (မြွေနေအောင်သွေးရမယ်ဘုရား)

## တစ်စက္ကန့်ကည်းနဲ့ဖြတ်တယ်

သွေးလိုက်လို့ရှိရင်ဖြင့် ဒိဋ္ဌိကြိုးတစ်ထောင်ချည်ထား ဝိပဿနာမဂ်ခါး၊ လောကုတ္တရာမဂ်ခါးကိုရမယ်ဆိုလို့ရှိရင် တစ်သံသရာလုံးချည်တာကို တစ်နေ့တည်းနဲ့ တစ်စက္ကန့်တည်းနဲ့ပြတ်တယ်၊ (မှန်လှပါဘုရား)။

ဒါကြောင့် တစ်စက္ကန့်လေးအဖိုးတန်ပုံကို ဦးသန်းမောင်တို့သိစေချင်တယ်၊ (မှန်လှပါဘုရား)၊ ဒကာကြွယ် တစ်စက္ကန့်အဖိုးတန်တယ်၊ ဒီတစ်ခါဖြတ်လိုက် လို့ရှိရင် နောက်သူတို့ဟာဘယ်တော့မှမဆက်မိတော့ဘူး၊ တစ်ခါတည်းပြတ်တယ်။

www.dhammadownload.com



တစ်ခါတည်းပြတ်သွားတော့၊ တဏှာရေက မမျှောပါ ဦးတော့၊ ကျုပ်တို့မှာ သောင်ကမ်းတွေ့ရင် ကျုပ်တို့မှာ လွတ်လပ်ရေးရတယ်၊ ချမ်းသာရေးမရဘူးလား (ရပါတယ်)၊ ဘာကြောင့်တုံး ဒိဋ္ဌိပြတ်သွားလို့ (မှန်လှပါဘုရား)။

တုပ်မည့်ကြိုးမရှိလို့ဆိုတော့ အများကြီးမသက်သာဘူးလား၊ (သက်သာပါတယ်ဘုရား)။

ဒါကြောင့် သောတာပန်တည်ပြီး (၇) ဘဝ နေရပြားသော်လည်း ဝဲမရှိတော့ အောက်သံသရာမရောက်ဘူးကွတဲ့၊ (မှန်ပါ့)။ သောင်ကမ်းတွေ့ရာအပေါ် သွားတင်တယ်၊ စုတိဘဝကနေ သုဂတိတည်းဟူသော သောင်ကမ်းသွားတွေ့တယ်၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ,ဒကာမတွေ ကြိုးပြတ်ဖို့ရာ အရေးကြီးဆုံးပဲ (အရေးအကြီးဆုံးပါဘုရား) ဘယ်လိုမှတ်ကြမယ်၊ (ကြိုးပြတ်ဖို့ရာအရေးအကြီးဆုံးပါဘုရား)။ ဒကာသစ်နေရာကျပြီ (ကျပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ,ဒကာမတို့ ကြိုးပြတ်ဖို့ရာအရေးကြီးတယ်ဆိုသဖြင့်တဲ့ ဉာဏ်မီးထက်မှုသည် အရေးကြီးတယ်၊ ကြိုးပြတ်ဖို့ရာအရေးကြီးတယ်ဆိုငြားသော်လည်း၊ ဉာဏ်မီးမထက်လို့ရှိရင် ဘယ်နည်းနဲ့မှပြတ်မှာမဟုတ်ဘူး (မပြတ်ပါဘုရား)။

www.dhammadownload.com



မေးလာကတည်းက ငါ့ကိုယ် ငါ့ဟာဆိုတဲ့ဥစ္စာက လူတိုင်းချည်ပြီးသား (မှန်လှပါဘုရား)။ ငါ့ကိုယ် ငါ့ဟာဆိုတာ ကတော့ (လူတိုင်းချည်ပြီးသားပါဘုရား)။ အင်း . . ဒါဖြင့် မေးလာကတည်းက ဒကာ,ဒကာမတို့ လူလားမြောက်ပြီး ခြေလက်သန်စွမ်းမေးလာသလား၊ ချည်ပြီးတုပ်ပြီး မေးလာ တာလား (ချည်ပြီးတုပ်ပြီးမေးလာတာပါဘုရား)။ ပေါ်လာပြီ မပေါ်ကြဘူးလား (ပေါ်ပါတယ်)။

နောက်တစ်ခါ ဒီတဏှာဟာနဲ့ပတ်သက်ပြီး ထင်စရာ မြင်စရာတွေ ငါ့သား၊ ငါ့သမီး၊ ငါ့မောင်၊ ငါးဖွားတွေက လာလိုက်ပြန်တော့လည်း အင်း-နဂိုကလဲတုပ်ပြီးသားလေးမွေး လာတယ်၊ ပြင်ဘက်မှ အမြင်များနဲ့တုပ်လိုက်တဲ့၊ ဒိဋ္ဌိများနဲ့ တုပ်လိုက်တဲ့၊ အတုပ်တွေကလည်း နည်းတဲ့အထပ်တွေလား၊ (မနည်းပါဘူးဘုရား)။

ဒါဖြင့် ဘယ်လောက်ပင်အထပ်တွေများများ၊ ဒကာ ကြွယ်တို့၊ ဒကာသစ်တို့ ဦးသန်းမောင်တို့ မောင်ဘသော်တို့ ဉာဏ်ဓါးထက်ရင်ပြတ်တာပဲ၊ (မှန်ပါ)

ဒါဖြင့် ဝိပဿနာဉာဏ်ဓါး၊ မဂ်ဉာဏ်ဓါးသည် ဒကာ, ဒကာမတို့ အထူးတလည်အရေးကြီးတော့သည်ဆိုတာ ပေါ်ပါပြီ၊ (ပေါ်ပါပြီဘုရား)။ ကဲ-ဒါဖြင့် ပြောကြပါစို့တဲ့ ဒီဉာဏ်ဓါးအကြောင်းကိုပဲ သေသေချာချာပြောကြပါစို့ဆို

www.dhammadownload.com



တော့ ဒကာ,ဒကာမတွေ မနေ့ကဝတ္ထုကို အလုပ်နှင့်တကွ ပြမယ်၊ (မှန်လှပါဘုရား)။

## ရှင်မဟာကောဋ္ဌိက

ရှင်မဟာကောဋ္ဌိကဆိုတာကလည်း ဖလသမာပါတ် ဝင်စားနေပါတယ်၊ ဖလသမာပတ်ဝင်စားတယ်ဆိုတာ ဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ဉာဏ်နဲ့ အာရုံပြုပြီးကြာရှည် နေတာကိုဆိုသည်၊ (မှန်လှပါဘုရား)။

ရှင်သာရိပုတ္တရာကလည်း ထို့အတူပဲ သာဝတ္ထိပြည် မှာပဲ ဇေတဝန်ကျောင်းမှာပဲ ဖလသမာပတ်ဝင်စားပြီး သကာလနေတော့တယ်ဆိုတာမှတ်ထားလိုက်ကြပါ။ (တင်ပါ့)

ဖလသမပတ်ကနေပြီး သူတို့သည်ကားလို့ဆိုရင် နိဗ္ဗာန်အာရုံပြုပြီး ချမ်းသာစွာနဲ့နေပြီး၊ ကဲတော်လောက်ပြီလေ ဆိုပြီးသကာလ ဖလသမာပတ်ကထပြီးလာတဲ့အခါ ရှင်မဟာ ကောဋ္ဌိကမှာ အကြံဉာဏ်ဖြစ်တယ်။

ဩော်-ငါကလည်း ပဋိသမ္ဘိဒါပတ္တကရဟန္တာ ရှင်သာရိ ပုတ္တရာကလည်း ပဋိသမ္ဘိဒါပတ္တကရဟန္တာကြီးဖြစ်တယ်၊ ငါတို့ သည်ကားလို့ ဆိုလို့ရှိရင် အမေးအဖြေလုပ်ရလို့ရှိရင် နောင်လာနောက်သားများ၊ ဒီလမ်းကလိုက်ပြီးသကာလ ကြိုးပြတ်ပြီး၊ ရေလည်းမရောက်ပဲနဲ့၊ ဝဲမလှည့်ပဲနဲ့၊ အပါယ်

www.dhammadownload.com



လေးပါးဆိုတဲ့ ရောက်မိရောက်ရာကိုမရောက်ပဲနဲ့ ပရမ်းပတာ မျော တဲ့ဆီမရောက်ပဲနဲ့ ဒီ ငါတို့အမေးအဖြေကို ကျင့်ကြံ ကြလို့ရှိရင် ကောင်းမှာပဲ။

ကောင်းတဲ့အပေါ်မှာလည်း၊ အမေးကလဲ ရဟန္တာ၊ အဖြေကလည်း ရဟန္တာဖြစ်သောကြောင့် ဒီတရားဟာဖြင့် လေး လေးစားစား သူတို့လုပ်ကြလိမ့်မယ်၊ ဒါဖြင့် ဒီတရားကို ငါတို့ ညီတော်နောင်တော်၊ အမေးအဖြေလုပ်မှပဲ တော်တော့ မယ်ဆိုတဲ့ ဥစ္စာ၊ နောင်လာနောက်သားအတွက်ဖြစ်တယ်။

သူတို့ သံသယရှိလို့ မေးကြဖြေကြသည်လို့ ဒကာကြွယ် ဒီလိုမယူနဲ့ (မှန်ပါ)၊ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)၊ သူတို့ သံသယရှိလို့မေးကြဖြေကြတာလား၊ နောင်လာနောက်သားတွေ ဒီလမ်းအတိုင်းလိုက်လို့ရှိရင် ကျေးဇူးများစေခြင်းအကျိုး ငှာလား? (နောင်လာနောက်သား တွေ ကျေးဇူးများစေခြင်း အကျိုးငှာပါဘုရား)။

အဲ-နောင်လာနောက်သားတွေကျေးဇူးများစေခြင်း အကျိုးငှာ တစ်ခါတည်း ဖလသမာပတ်ကထပြီး ရှင်မဟာ ကောဋ္ဌိက က မေးလိုက်တယ် ဒကာသစ်ရေ (မှန်ပါ့ဘုရား)။

ပညာရှိ၊ ပညာရှိဆိုတာ ဒု ပည- ပညာမရှိတဲ့ပုဂ္ဂိုလ်၊ ပညာမရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်ဟာကိုဆိုပါသတုံး၊ ရှင်မဟာ ကောဋ္ဌိက က မေးလိုက်တယ်။

www.dhammadownload.com



## ပညာမရှိတဲ့ပုဂ္ဂိုလ်ဆိုတာ

ကွာတဲ့ခန္ဓာကြီးမှာ ဒုက္ခသစ္စာတွေ အပြည့်ရှိပါလျက်သားနဲ့ ဒုက္ခသစ္စာမသိ၊ ခန္ဓာဖြစ်ကြောင်းသမုဒယသစ္စာမသိ ခန္ဓာတုပ်ထားတဲ့ကြိုးတွေကို ဖြတ်တတ်တဲ့ မဂ္ဂသစ္စာမသိ၊ ခန္ဓာတွေမရှိရာ၊ ဒုက္ခတွေကင်းရာဖြစ်တဲ့နိဗ္ဗာန်ကိုမသိ၊ အဲဒီမသိတဲ့ပုဂ္ဂိုလ်ဟာ ဒု ပည ပုဂ္ဂိုလ်လို့မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား)။

လိုရင်းက သစ္စာမသိတဲ့ပုဂ္ဂိုလ် ဒု ပည ပုဂ္ဂိုလ် (မှန်လှပါဘုရား)။ သေသေချာချာမှတ်ပါ၊ (မှန်ပါ့)။

ခင်ဗျားတို့ခန္ဓာကြီး ဘာသစ္စာ -(ဒုက္ခသစ္စာပါဘုရား)။ ဒါကြီးကိုပင်လျှင် ဖြစ်ပျက်မမြင်တဲ့ပုဂ္ဂိုလ်ဟာ ဒု ပညပုဂ္ဂိုလ်၊ (မှန်လှပါဘုရား) ပညာမရှိတဲ့ပုဂ္ဂိုလ်လို့မှတ်လိုက်စမ်းပါ။

ဖြစ်ပျက်မှမသိတဲ့ ပုဂ္ဂိုလ်ဟာ (ဒုပညပုဂ္ဂိုလ်ပါဘုရား) ဒုပညပုဂ္ဂိုလ်မြန်မာလိုပြန်လိုက်တော့ဘာတဲ့ . . . (ပညာမရှိတဲ့ပုဂ္ဂိုလ်ပါဘုရား)

ဩော်ဒါဖြင့် ရှင်မဟာကောဋ္ဌိကက ကမေးလို့၊ ရှင်သာရိပုတ္တရာက ဒုက္ခသစ္စာ ဖြစ်ပျက်ဉာဏ်လေးမှမရတဲ့ ပုဂ္ဂိုလ်ဖြင့် ပညာမဲ့ပုဂ္ဂိုလ်၊ ပညာမရှိတဲ့ပုဂ္ဂိုလ်လို့၊ သူကနေပြီးသကာလ ဆုံးဖြတ်ချက်ချတော့၊ အရှင်ဘုရား ဒါဖြင့်တပည့်တော် အင်မတန်ကျေနပ်ပါပြီ၊ (မှန်လှပါဘုရား)

www.dhammadownload.com



အမေးသမားက ကျေနပ်ပြီ၊ ဒါကြောင့်ဒီပြင်ဟာမသိချင်နေ၊ ဒီသစ္စာတော့သိရမယ် (မှန်လှပါ) သစ္စာမသိသရွေ့ ပညာရှိမဖြစ် (မှန်လှပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)၊ သစ္စာမသိသရွေ့ . . . (ပညာရှိမဖြစ်ပါဘုရား)။

ဒါကြောင့်တဲ့၊ ကမ္ဘာသကတဉာဏ်ကလေးလောက်နဲ့ တင်းတိမ်ပြီးသကာလ မနေဘဲနဲ့ သစ္စာအနုလောမိကဉာဏ်ကို၊ ဒကာကြွယ် ရအောင်လုပ်ပါလို့ မနေ့ကအထူးတလည်ပဲ ပြောလိုက်ပါတယ် (မှန်ပါ) သဘောပါပလား . . . (ပါပါပြီဘုရား)။

အဲဒါဖြင့် ပညာမရှိတဲ့ပုဂ္ဂိုလ်၊ ပညာမရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ်ကိုဆိုပါလိမ့်၊ (သစ္စာမသိတဲ့ပုဂ္ဂိုလ်ပါဘုရား) သစ္စာမသိတဲ့ပုဂ္ဂိုလ်၊ (မှန်လှပါဘုရား)။

ပညာမဲ့ပုဂ္ဂိုလ်၊ ပညာမဲ့ပုဂ္ဂိုလ်ဆိုတာဘာပါလိမ့် . . . (သစ္စာမသိတဲ့ ပုဂ္ဂိုလ်ပါဘုရား) ခန္ဓာကိုယ်ကြီးကဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား) ဖြစ်ပျက်တွေကကော . . . (ဒုက္ခသစ္စာပါဘုရား)၊ အဲဒါဖြင့် သိအောင်လုပ်လိုက်ပါ . . . (မှန်လှပါဘုရား)။

အပေါင်းကြီးဒုက္ခသစ္စာသိတာမလိုချင်ပါဘူး၊ ခန္ဓာကိုယ်ကြီး ဖြစ်ပျက်ပြီးသကာလ ခဏခဏဒီနေရာ စိတ်ကလေးပေါ်လိုက်၊ ဒီစိတ်ကလေး ပျောက်သွားလိုက်၊ ပေါ်လိုက်ပျောက်လိုက်ပါလား (မှန်ပါ)။

www.dhammadownload.com



စားချင်တဲ့စိတ်ကလေးပေါ်လိုက်၊ ပေါ်ပြီးပျောက်သွားလိုက်၊ အိပ်ချင်တဲ့စိတ်ကလေးပေါ်ရင် . . . (ပေါ်ပြီးပျောက်သွားပါတယ်) အင်း ဒါလေးတွေ ဒုက္ခသစ္စာပါလား။ (မှန်ပါ့) ဦးသန်းမောင်ဘာလေးတွေလည်း (ဒုက္ခသစ္စာတွေပါ)

အင်း ယားတာလေး၊ ယားတဲ့နေရာတင်ပျောက်သွားတယ်၊ (မှန်ပါ) နာတဲ့စိတ်ကလေးဟာ နာတဲ့နေရာတင်ပျောက်သွားတယ် (မှန်ပါ့) အဲဒီလိုဒါကလေးဟာ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာလေးတွေ့လို့ သိနေလို့ရှိရင်ဖြင့် ဒါ ပညာရှိပုဂ္ဂိုလ်ဖြစ်ပါတယ် (မှန်ပါ့)။

ဒို့ပြင်ဟာဘာလျှုလို့ ဘာတန်းဘာပေး၊ ဘာကမ်းငြားသော်လည်း၊ ဒါကမ္မဿကတဉာဏ်သာဖြစ်တယ်၊ တကယ်ပညာရှိမဖြစ်ဘူး။ (မှန်လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)

## သစ္စာသိမှပညာရှိ

ဒါကြောင့်ပညာရှိဖြစ်ဖို့ရာလည်း၊ ဒကာကြွယ်ရေ၊ သစ္စာသိမှပညာရှိ၊ ဘယ်လိုမှတ်ကြမယ် . . . (သစ္စာသိမှပညာရှိပါဘုရား) သစ္စာသိမှပညာရှိဆိုတာသေသေချာချာဆုံးဖြတ်ချက်ချပါ. . (မှန်လှပါဘုရား)၊ သစ္စာသိမှ (ပညာရှိပါဘုရား)။

www.dhammadownload.com



အား . . . သစ္စာသိမှ ပညာရှိဆိုတဲ့ဥစ္စာဖြင့် မောင်ဘသော်တို့ သေသေချာချာမှတ်ရလိမ့်မယ် (မှန်ပါ့)။

ဘယ်သူကဘာပညာရှိဆိုရင်လည်း၊ ဒါပြောရိုး ပြောစဉ် ပညာသာမှတ်လိုက် (မှန်ပါ) တကယ်ဒီ ခုနက ကိုယ့်ကြိုးတွေနဲ့ ကိုယ်ထုပ်ထားတဲ့ ဒိဋ္ဌိဖြုတ်နိုင်တဲ့ ပညာကတော့ မပါပါဘူး . . . (မပါပါဘုရား) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ပညာထဲမှာ နာရင်နာတဲ့နေရာမှာ ချုပ်သွား၊ အင်း ယားရင်ယားတဲ့နေရာမှာ ချုပ်သွား၊ မြင်ရင်မြင်တဲ့ နေရာလေးမှာပျက်သွားတယ်။ အင်း ဒါဘယ်သူ့ဒုက္ခ ပါလိမ့်ဗျာ (ခန္ဓာဒုက္ခပါဘုရား)။

ဘာခန္ဓာလည်း ဒါဝိညာဏက္ခန္ဓာရဲ့ ဒုက္ခ (မှန်ပါ့) ဝေဒနာလေးပေါ်တယ်၊ ဒီနေရာမှာ ပျောက်သွားတယ်၊ ဒါ ဝေဒနာက္ခန္ဓာရဲ့ ဒုက္ခပေါ့ (မှန်ပါ့) ရုပ်ကလေးပေါ်လာ ဒီနေရာပူတယ် ဒီနေရာမှာ ပူတာလေး ပျောက်သွားတယ် ဒါရုပ်ဒုက္ခပေါ့ (မှန်ပါ့ဘုရား)။

မှတ်ထားတယ် မှတ်ထားတဲ့ သညာကလေးက ပျောက်သွားတယ် ဒါ သညာက္ခန္ဓာဒုက္ခပေါ့ (မှန်ပါ့)။

စေတနာလေးက ပေးမယ်ကမ်းမယ်လို့ စိတ်ကူးလိုက်တယ် ဖဲ့နောက် စေတနာလေး ပျောက်သွားတယ် ဒါ သင်္ခါရက္ခန္ဓာဒုက္ခပေါ့။

www.dhammadownload.com



ဒါဖြင့်ဒကာဒကာမတို့ သန္တာန်မှာ ဒီပေါ်ပျက်မှု တစ်ပါးဘာများရှိသေးလဲ (ဘာမှမရှိပါဘူးဘုရား) ဒါဖြင့် တစ်ကိုယ်လုံးမှာ ဘယ်ဟာဘာပေါ်နေနေ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာပဲ ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

အဲဒါဖြင့် ဒီနောက်က ဒကာဒကာမတွေ အဲဒါဉာဏ် ခါးထက်လာလို့ မြင်တာပဲလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား) ဒါအလုပ်နဲ့မြင်မှနော် . . . (မှန်ပါ့)။

ဘုန်းကြီးကတော့နည်းပေးနေတာလို့ မှတ်လိုက်ပါ၊ ကိုယ့်ဟာကိုယ်ရှုပြီး အလုပ်နဲ့မြင်ဖို့ရာ သိပ်အရေးကြီးပါ တယ်။

ဦးသန်းမောင်အလုပ်ခွင်ကြည့်နော်၊ အလုပ်ခွင်ကြည့် တော့ ခန္ဓာကိုယ်ကိုအလုပ်ခွင်ထား၊ ဉာဏ်ကအလုပ်သမား ထား (မှန်လှပါဘုရား)။

အလုပ်သမားက အလုပ်ခွင့်ဖြစ်တဲ့ ခန္ဓာကိုကြည့် လိုက်ပါ (မှန်ပါ့) အလုပ်သမားက အလုပ်ခွင်ဖြစ်တဲ့ ခန္ဓာ ကို . . . (ကြည့်ရပါမယ်ဘုရား) ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်မှုပျက်မှုမြင်လာရင် ဟာ . . . ဒို့ ဒုပညပုဂ္ဂိုလ် ပညာမဲ့ ပုဂ္ဂိုလ်မဖြစ်တော့ဘူးဟ (မှန်ပါ့) ပညာရှိပုဂ္ဂိုလ်ဖြစ်ပဟလို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ (မှန်လှပါဘုရား) ပေါ်ပြီနော် . . . (ပေါ်ပါပြီ)။

www.dhammadownload.com



သစ္စာမသိရင် ဘာပုဂ္ဂိုလ်တုံး . . . (ဒုပညပုဂ္ဂိုလ်ပါဘုရား) သစ္စာသိလို့ရှိရင် ပညဝါပုဂ္ဂိုလ် (မှန်ပါ့) ပညာရှိပြီကွ သစ္စာသိရင် (ပညဝါ ပုဂ္ဂိုလ်ပါ) ပညာရှိပေါ့ဗျာ (မှန်ပါ့)။

စာလိုသုံးလို့ ပညဝါပါ၊ စင်စစ်ပညာရှိပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ရှင်းပြီနော် (ရှင်းပါတယ်) အဲတော့ ခန္ဓာကိုယ်မျှကြည့်ကြပြီး ဒကာဒကာမတွေအားထုတ်မှ၊ ဒကာဒကာမတွေရော အိမ်ပြန်ပြီး အားထုတ်မည့် ဒကာဒကာမတွေရော ခန္ဓာကြည့်လိုက်ရင် ဟိုနေရာကရွရွ ဒီနေရာကရွရွ ခုပေါ်လိုက်ပျောက်သွားလိုက် ဟိုစိတ်ကလေးပေါ်လိုက် ပျောက်သွားလိုက်၊ ဒီစိတ်ကလေးပေါ်လိုက်ပျောက်သွားလိုက် (မှန်ပါ့ဘုရား)။

ဩော် တစ်ကိုယ်လုံးဟာဖြင့် ပေါ်လိုက် ပျောက်လိုက် ဒုက္ခသစ္စာကြီးပါလားလို့ ဆိုလို့ရှိရင်ဖြင့် ပေါ်ပျောက်ဒုက္ခသစ္စာကြီးပါလားဆိုတော့ ပုဂ္ဂိုလ်သတ္တဝါပျောက်သွားတယ်၊ (မှန်ပါ့) ငါ သူတစ်ပါးကော (ပျောက်သွားတယ်)။

ဘာတွေ့သာတွေ့နေလည်း . . . (ဒုက္ခသစ္စာကြီးသာတွေ့နေတယ်) ဒုက္ခသစ္စာကို ဉာဏ်နဲ့တွေ့နေတယ် (မှန်ပါ့) အဲဒီဉာဏ်ဝါးက အခုန ငါသွင်းနေတာတွေ ရှိသေးရဲ့လား (မရှိပါဘုရား) အဲဒီဒိဋ္ဌိဖြုတ်ထွက်သွားတယ် ဘယ်လောက်ရှင်းသွားသတုံး ဒကာဒကာမတွေ . . . (ရှင်းပါပြီဘုရား)။

www.dhammadownload.com



ဒီဋ္ဌိဖြင့် ရှုစမ်းခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ပေါ် ပျောက်၊ ပေါ်ပျောက် ပေါ်လိုက်ပျောက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် ဒီဟာတွေရှိပြီးသကာလ နေတော့ ဉာဏ်ထဲမှာကြည့်လိုက်တဲ့အခါကျတော့ ဘယ်ဟာ မှ ငါ့ကိုယ်၊ ငါ့ဟာ လုပ်စရာမရှိပါလားဆိုပြီးသကာလ ဉာဏ် နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဘယ်ဟာမှ ငါ့ကိုယ်၊ ငါ့ဟာ၊ လုပ်စရာမရှိပါလားဆိုပြီးသကာလ ဉာဏ်နဲ့ကြည့်လိုက်တဲ့ အခါ ပေါ်ပျက်ကလေးတွေသာ တွေ့နေတယ် . . . (မှန်လှပါဘုရား)။

ပေါ်ပျက်ကလေးတွေ တွေ့တဲ့အခါကျလို့ရှိရင်ဖြင့် ဘယ်နေရာ ငါမြင်သတုံး (မမြင်ပါဘုရား) ဟင် ငါအမြင်တွေ က ဒုက္ခသစ္စာတွေပဲ (မှန်လှပါ) ဘယ်ဟာငါလုပ်ကြမလဲ . . . (ဘယ်ဟာမှ ငါမရှိပါဘုရား) လုပ်ချင်ဒုက္ခသစ္စာပဲ (မှန်ပါ့)။

ဉာဏ်အောက်မှာ သူတို့ဒုက္ခရောက်နေတာ (မှန်ပါ့) ပေါ်လိုက်၊ ပျောက်လိုက်ဆိုတာဘာလဲ (ဒုက္ခရောက်နေတာ ပါဘုရား) ဒုက္ခရောက်နေတာသိတော့ ဒုက္ခရောက်နေတယ် လို့လည်းသိပါရော၊ ဩော်ခန္ဓာလည်း ငါမဟုတ် သွားလည်း ငါမဟုတ်၊ ကိုယ်လည်းငါမဟုတ်၊ အရေလည်း ငါမဟုတ်၊ အကြောလည်းငါမဟုတ်၊ အသားလည်းငါမဟုတ်ဆိုတော့

www.dhammadownload.com



ဒကာကြွယ်၊ ဒိဋ္ဌိတွေ ဘယ်နှယ်ဖြစ်သွားသလဲ (ပျောက်သွားပါတယ်ဘုရား)။

ဟာ-ဒီကတည်းက လက်ခမောင်းခတ်တော့၊ ကြိုးဖြတ်ပပေါ့ (မှန်ပါ့) ဒကာဒကာမတို့ ဘယ်နှယ်ဖြေမလဲ (ကြိုးဖြတ်ပါပြီဘုရား) ကြိုးဖြတ်ပြီလို့ ဆုံးဖြတ်ချက်ချလိုက်ပါ (မှန်ပါ့) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ (ကြိုးဖြတ်ပြီလို့ပါဘုရား)။

## ကြိုးဖြတ်ရင် ခြေလက်သန်ပြီ

ကြိုးဖြတ်ရင် ခြေလက်သန်ပြီ၊ (မှန်ပါ့) ကြိုးဖြတ်ရင် ခြေလက်သန်ပါပြီ၊ ကိုင်း ငါ့ခန္ဓာမျှောလိုက်စမ်းကွာ (မှန်ပါ့) မျှောပေမယ်လို့ ဆွဲကိုင်စရာ ခြေတွေလက်တွေ အသန်အမာ ဖြစ်လာပါပြီ (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ ဒကာဒကာမတို့ ကမ်းပါး မျှောလို့ရှိရင် ကမ်းပါးသစ်ပင် ဆွဲတက်ရမှာပဲ၊ သောင်တွေ့ရင် သောင်ပေါ်မှာ ပြေးတက်ရုံပဲ၊ ဒါ ကြိုးဖြတ်သွားလို့ (မှန်လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါကြောင့် ဒိဋ္ဌိကြိုးပြတ်လို့ရှိရင်ဖြင့် သုဂတိဘုံမှာ (၇) ဘဝနေပြားလည်း နေနိုင်ပါတယ်ဆိုတာ၊ ကြိုးပြတ်တဲ့ပုဂ္ဂိုလ်မို့ နေလို့ရတာ (မှန်လှပါဘုရား)။

နတ်ပြည်မှာ (၇) ဘဝနေနိုင်သေးတယ်ဆိုတာ ဒကာ

www.dhammadownload.com



သစ် ရိပ်မိပလား (ရိပ်မိပါပြီ) ဘယ်လိုပုဂ္ဂိုလ်မှ နတ်ပြည်က လက်ခံတယ်ဆိုတာလဲ ခင်ဗျားတို့သိလိုက်ပါ (မှန်ပါ့ဘုရား)။

သောတာပန်တည်ပြီးသားပုဂ္ဂိုလ်ဟာ (၇) ဘဝနေနိုင်သေးတယ်ဆိုတာ ဒုဂ္ဂတိဘဝတွေ ရောက်သေးရဲ့လား . . . (မရောက်ပါဘုရား) အင်း သုဂတိဘဝတွေသာရောက်ပြီးနေတော့၊ ရွေးပြီးတက်နိုင်လို့ရောက်တာ . . . (မှန်လှပါဘုရား)။

ဘယ်နှယ်ကြောင့် ရွေးနိုင်ပါလိမ့်မတုံးမေးတော့၊ ကြိုးပြတ်ပြီးသားပုဂ္ဂိုလ် . . . (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ) အင်းဘယ်လိုပါလိမ့် . . . (ကြိုးပြတ်ပြီးသားပုဂ္ဂိုလ်ပါဘုရား) ကြိုးပြတ်ပြီးသားပုဂ္ဂိုလ်မို့ တက်နိုင်တာဆိုတာသေချာကျပလား (သေချာပါတယ်ဘုရား)။

ကြိုးမပြတ်သေးတဲ့ ပုဂ္ဂိုလ်အပါယ်လေးပါး ခုနကဝဲထဲမှာသာ မြုပ်သွားမယ် (မှန်ပါ့ဘုရား) ကိုယ့်ခြေလက်၏ စွမ်းရည်သတ္တိ၊ အကုန်တုံးတယ် (တုံးပါတယ်ဘုရား) ကြိုးမပြတ်သေးတဲ့ ပုဂ္ဂိုလ်မှာ . . . (ခြေလက်စွမ်းရည်အကုန်တုံးပါတယ်ဘုရား) ခြေလက်၏ စွမ်းရည်သတ္တိအကုန်တုံးတယ်။

တုံးပေမှာပဲ ဒကာဒကာမတို့ တုပ်ပြီးသား ချည်ပြီးသားကိုး (မှန်ပါ့) သဘောကျကြပလား (ကျပါပြီဘုရား)။

www.dhammadownload.com



ဒါဖြင့် ဒကာသစ် ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဒိဋ္ဌိပြုတ်ဖို့ အရေးကြီးဆုံးပဲ (မှန်ပါ့) ဒိဋ္ဌိပြုတ်ပြီးလို့ရှိရင် ခြေလက်သန့်သွားပြီ၊ အလိုရှိတဲ့နေရာသာ တက်မယ် အလို မရှိတဲ့နေရာ မလိုက်ဘူးကွာ . . .။

## ကြိုးပြတ်ဖို့အရေးကြီးတယ်

ဝဲထဲလည်းမသွားဘူး၊ ဝဲလှည့်သလိုလဲ မမြုပ်ဘူး (မှန်ပါ့) မဖြစ်နိုင်ဘူးလား . . . (ဖြစ်နိုင်ပါတယ်ဘုရား) ဒါဖြင့် ဒကာ ဝဲလည်းဒီလောက်မကြောက်ပါနဲ့၊ ရေလည်း ဒီလောက် မကြောက်ပါနဲ့ . . . . ကြိုးဖြတ်ဖို့ အရေးကြီးတယ် (မှန်လှပါ ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ဘာအရေးကြီးပါလိမ့် (ကြိုးပြတ်ဖို့အရေးကြီးတယ်) ကြိုးပြတ်ဖို့အရေးကြီးတယ်ဆိုတာဖြင့် ဒကာဒကာမတို့ လေးလေးစားစား မှတ်ပါ၊ သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ကြိုးပြတ်ချင်လို့ရှိရင်လည်း၊ ခန္ဓာကိုယ်ကြည့်ရင် ဖြစ်ပျက် ဒုက္ခသစ္စာမြင်ပါစေ၊ သစ္စာအနုလောမိကဉာဏ်သာ ရပါစေ (မှန်လှပါဘုရား)။

သစ္စာ အနုလောမိကဉာဏ်ဆိုတာ တခြားမဟုတ်ပါ ဘူး၊ ဒကာဒကာမတို့ ဖြစ်မှု ပျက်မှုကို ဆိုတာပါ သစ္စာအနု

www.dhammadownload.com



လောမိကဉာဏ်ဆိုတာ . . . (ဖြစ်မှုပျက်မှုကို ဆိုတာပါ ဘုရား)။

အဲဒီဖြစ်မှုပျက်မှုမြင်တဲ့ ဉာဏ်ကလေးလည်း ရပါရော တဲ့ ငါ့ဆံပင်ငါ့အသား ငါ့သွေး၊ ငါ့ခြေ ငါ့လက် ငါ့လက်ကောက်၊ ငါ့လက်စွပ်၊ ငါ့ဆွဲကြိုး ရှိသေးရဲ့လား . . . (မရှိပါဘူး) ဒုက္ခသမ္မာတွေ ဖြစ်ကုန်တယ်။

## သစ္စာသိတဲ့ဉာဏ်သည် ကြိုးဖြတ်တဲ့ဉာဏ်

ဪ . . . ဒါဖြင့် သစ္စာသိတဲ့ ဉာဏ်သည် ကြိုးဖြတ်တဲ့ဉာဏ်ပါလား သစ္စာအနုလောမိကဉာဏ်သည် . . . (ကြိုးဖြတ်တဲ့ဉာဏ်ပါဘုရား) ကြိုးဖြတ်တဲ့ဉာဏ်ပဲဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီဉာဏ်ဟာ ဝိပဿနာဉာဏ်လည်းဆိုပါ သစ္စာအနုလောမိကဉာဏ်လည်း . . . (ဆိုနိုင်ပါတယ်ဘုရား) ဆိုပါတဲ့ ဘာမှမပူပါနဲ့ (မှန်ပ့) ရှင်းပလား . . . (ရှင်းပါပြီ)။

## ပညာရှိပုဂ္ဂိုလ်ဆိုတာ

ဒါနဲ့ ရှင်မဟာကောဋ္ဌိက ဆက်မေးတယ် အရှင်ဘုရားတဲ့ ပညာရှိ ပညာရှိ ပညဝါ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုဟာ

www.dhammadownload.com



ဆိုရမလဲ။ အို . . . ကြီးဖြတ်နိုင်တဲ့ပုဂ္ဂိုလ်ကွ၊ ရိုပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘာတဲ့ . . . (ကြီးဖြတ်နိုင်တဲ့ပုဂ္ဂိုလ်ပါဘုရား) ကြီးဖြတ်နိုင်တဲ့ပုဂ္ဂိုလ်ဆိုတော့ သစ္စာသိတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုက်တာပေါ့ (မှန်ပါ့) အင်းကြီးဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ . . . (သစ္စာသိတဲ့ပုဂ္ဂိုလ်ပါဘုရား)။

သစ္စာသိတဲ့ပုဂ္ဂိုလ်ကို ဆိုတာပါဆိုတာကော ကျေနပ်ပါတယ် (မှန်ပါ့ဘုရား) ကိုင်းဒါဖြင့် တပည့်တော် ပညာစခမ်းဖြင့် ဒုပညပုဂ္ဂိုလ်နဲ့ ပညဝါပုဂ္ဂိုလ် ရှင်းပါပြီဘုရားဆိုပြီး သကာလ သူက ကျေနပ်တယ်။

## ပညာဆိုတာ

ဒါဖြင့် ပညာသည်ဘုရား ဘယ်လိုများ သိပါလိမ့်မလဲ ခက်နေတယ်၊ အို . . . မင်းပညာဆိုတာကွာ ရှင်သာရိပုတ္တရာက ပညာသည်ကားဆိုရင်ဖြင့် အပြားအားဖြင့် အပြားအားဖြင့် သိပါတယ်။

အပြားအားဖြင့်သိတယ်ဆိုတဲ့ သဘောသည် ဒကာဒကာမတို့ ဒီဘယ်လိုဟာမျိုးမဆို ဝေဖန်ပြီးသိတယ် (မှန်လှပါဘုရား) ဝေဖန်သိပါတယ်ဆိုတာ ဘာပါလိမ့် (ပညာပါဘုရား) ပညာပဲဆိုတာ ရှင်းပလား . . . (ရှင်းပါပြီ)။

www.dhammadownload.com



ကောင်းပြီ-ဒါဖြင့် ဒီပညာသည်ကားလို့ဆိုလို့ရှိရင် တပည့်တော် ဝေဖန်ပြီးသကာလ သိတယ်ဆိုတော့ တပည့်တော် သဘောကျပါပြီ။

လောကကြီးထဲမှာ စိတ်ကလည်းသိတယ်လို့ ပြောနေကြတယ်၊ မပြောကြဘူးလား . . . (ပြောပါတယ်) စိတ်က သိပါတယ်ဗျ၊ စိတ်ကသိတာကိုပြောတော့ ပညာကသိတာတော့ ရှင်းသွားပြီ (မှန်ပါ့) အပြားအားဖြင့် သိတယ်ဆိုတော့ ရှင်းသွားပြီ (ရှင်းသွားပါပြီဘုရား)။

## စိတ်ကသိတယ်ဆိုတာ

စိတ်ကသိပါတယ် ဆိုတာကတော့ ဘယ်လိုပါလိမ့် မလဲလို့ မေးတော့ အင်း . . . စိတ်ကလည်းကွာတဲ့ သုခပေါ် လည်း သူသိ၊ ခန္ဓာကိုယ်ထဲမှာ ဒုက္ခဝေဒနာပေါ်ကော၊ (သိပါတယ်ဘုရား) ဥပေက္ခာဝေဒနာပေါ်ကော (သိပါတယ် ဘုရား)။

အင်း-စိတ်သိကတော့ကွာတဲ့ သုခပေါ်သိ ဒုက္ခပေါ် သိ၊ ဥပေက္ခာပေါ်သိတာ၊ အဲဒါစိတ်သိပေါ့ကွ (မှန်လှပါ) အဲဒါ ဝိညာဏ်သိပေါ့။

ဒါဖြင့် ဘုရားတဲ့ တပည့်တော်မေးပါရစေ ရှင်မဟာ ကောဋ္ဌိကက တပည့်တော်မေးပါရစေတဲ့၊ အရှင်ဘုရားကို

www.dhammadownload.com



ပညာကလည်းသိတာပဲ စိတ်ကလည်း သိတာပဲ ဒီဥစ္စာခွဲပြီး တော့ သူတို့ သိတာလား ? အတူတူဖြစ်ပြီးသကာလ သိကြတာလား? ဆိုတာ တပည့်တော်မေးပါရစေ။

ပေါင်းပြီးသိကြတာပဲလား၊ ငါသိတာကတစ်မျိုး၊ မင်းသိတာကတစ်မျိုးဆိုပြီးတော့ ခွဲခြားပြီးသကာလ သိကြတာလား၊ ဒါလေးကိုဖြင့်ရှင်းပေးပါဦး (မှန်လှပါဘုရား)။

## ပညာကပွားများပြီးသိတယ်

ဆိုတော့ကွာ . . . တဲ့ဒီလိုပါကွ၊ ပညာကဖြစ်တာ ပျက်တာကိုပဲ ပညာသည်ပွားများပြီး သိတယ်ကွတဲ့ (မှန်လှပါ ဘုရား) ဝိညာဏ်ကပိုင်းခြားပြီးသိတယ်ကွ။

## ဝိညာဏ်က ပိုင်းခြားပြီးသိတယ်

ဝိညာဏ်ကပိုင်းခြားပြီးသိတယ်ကွ၊ ပညာက . . . (ပွားများပြီးသိပါတယ်) ဝိညာဏ်က . . . (ပိုင်းခြားပြီးသိ ပါတယ်) သေသေချာချာမှတ်ပါ၊ ဒကာဒကာမတို့ ပညာက . . . (ပွားများပြီးသိပါတယ်) အင်း . . . ဝိညာဏ်က . . . (ပိုင်းခြားသိပါတယ်)။

အဲဒီတော့ကွာတဲ့၊ ဖြစ်တော့အတူတူဖြစ်တာပဲ၊

www.dhammadownload.com



ဖြစ်တော့ အတူတူဖြစ်တာပဲတဲ့ ပညာနဲ့ဝိညာဏ်က၊ ခွဲမရပါဘူးတဲ့ ဒကာသစ်က (မှန်ပါ)။

ပညာက စေတသိက်ကို (မှန်ပါ)၊ ဝိညာဏ်ကစိတ်ကို (မှန်ပါ) စိတ်နှင့်စေတသိက်ဆိုတာ ဘယ်တော့မှ မခွဲပါဘူး (မှန်ပါ) စိတ်နှင့်စေတသိက်ဆိုတာ . . . (ဘယ်တော့မှ မခွဲပါဘုရား)။

ဘယ်တော့မှမခွဲပါဘူးကွာတဲ့ သို့သော်တဲ့၊ ပညာကတော့ဘာဝေတဗ္ဗ ကိစ္စနဲ့ပွားများသိတာ၊ သဘောကျပလား . . . (ကျပါပြီ)။

ဝိညာဏ်ကတော့ပိုင်းခြားပြီးသိတာ၊ (မှန်လှပါ)၊ ပညာက . . . (ပွားများသိတာပါ) ဝိညာဏ်ကတော့ (ပိုင်းခြားပြီးသိတာပါ)၊ ပိုင်းခြားပြီးသိတယ်ဆိုတာ ဒကာဒကာမတို့ ကျေနပ်ပလား . . . (ကျေနပ်ပါပြီ)။

## ပညာသိ

ကဲဒါဖြင့်တစ်ခုသော၊ စားချင်တဲ့စိတ်ကလေး၊ ထမင်းစားချင်တဲ့စိတ်ကလေးပေါ်တယ်ပဲထားပါတော့၊ စားချင်တဲ့စိတ်ကလေးပေါ်တော့ပညာက ဘယ်လိုသိလိုက်သတုံးလို့ မေးတဲ့အခါကျတော့၊ အင်းမဂ္ဂင်ငါးပါးနဲ့ ကြည့်လိုက်တဲ့အခါ

www.dhammadownload.com



ကျတော့၊ ဩော် . . . သူလေးဟာဖြစ်ပြီးသကာလပျက်သွားတာပဲဆိုပြီး၊ အနိစ္စသဘောလေး သူသိလိုက်တယ်၊ (မှန်ပါ့)။

ဩော်ဖြစ်ပြီးပျက်သွားတာ ဘာပါလိမ့်၊ (အနိစ္စသဘောပါဘုရား) အဲဒါပညာကနေသိတာ၊ ဖြစ်ပြီးပျက်သွားတာပဲဆိုတာ . . . (ပညာကသိတာပါဘုရား) ပညာကနေသိလိုက်တယ်တဲ့။

## ဝိညာဏ်သိ

ဝိညာဏ်ကဘယ်လိုသိပါလိမ့်မတုံးဆိုတော့ သူလည်းဒီအထဲမှာရောပြီးသိလိုက်တာပဲ၊ သို့သော်သူသိပုံကတော့ဖြင့်၊ ပိုင်းခြားပြီးသကာလသိတယ်၊ ဘယ်လိုပိုင်းခြားပြီးသိပါသလဲလို့မေးတဲ့အခါကျတော့၊ ဒကာဒကာမတို့၊ ဩော်ဒီဖြစ်မှုဟာလည်း အင်း-ဒုက္ခသစ္စာပဲ၊ ဖြစ်မှုဟာ . . . (ဒုက္ခသစ္စာပါဘုရား) သူကပိုင်းခြားပြီးသိတယ်၊ ဟိုကတော့ဖြစ်ပြီးပျက်တဲ့ဟာအနိစ္စတရားပဲလို့ ပွားများပြီးသိတယ်၊ ပွားများပြီးသကာလကိုယ့်ရှေ့မှာဖြစ်ပျက်ကလေးတွေ၊ ဘာဖြစ်ပျက်၊ ဖြစ်ပျက်ကွာငါ့အခုစိုက်ကြည့်နေတာပဲ၊ (မှန်ပါ)။

စိုက်ပြီးကြည့်နေလို့ရှိရင် ဖြစ်ပြီးပျက်တာဟူသရွေ့ကို၊ အနိစ္စမှတစ်ပါးဘာမှ မဖြစ်ဘူး၊ ဒုက္ခသစ္စာမှတစ်ပါး (ဘာမှမဖြစ်ဘူး) ဒါပညာကသိလိုက်တယ်။

www.dhammadownload.com



ဝိညာဏ်ကတော့ပိုင်းခြားပြီးသိတယ်၊ ဘယ်လိုပိုင်းခြားသိသတုံးဆိုတော့၊ အရှင်ဟောထားတဲ့အတိုင်း၊ ဒကာဒကာမတို့ဖြစ်မှုဟာလည်း ဒုက္ခသစ္စာ၊ ပျက်မှုဟာလည်း ဒုက္ခသစ္စာ၊ သူကတော့၊ အင်း . . . ဒုက္ခသစ္စာသိတော့သိတာပဲ၊ သူက နှစ်ပိုင်းသိတယ်၊ (မှန်လှပါဘုရား)။

ပညာကပွားများပြီးသိတယ်၊ သူကပိုင်းခြားပြီးသိတယ်၊ (မှန်ပါ့ဘုရား) သိတယ်၊ အဲဒီလိုထူးပါတယ်ကွာတဲ့၊ ဖြစ်တော့အတူတူပါပဲ (မှန်လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

## ပညာကော၊ ဝိညာဏ်ကော၊ရောသိတယ်

ဒါဖြင့်ဒကာဒကာမတို့၊ ခင်ဗျားတို့ဖြစ်မှုကိုလည်းသိ၊ ပျက်မှုကိုလည်းသိတော့၊ ပညာကော၊ ဝိညာဏ်ကောရောသိတယ်လို့ အောက်မေ့ပါ (မှန်လှပါ)။

ဖြစ်မှုကိုလည်းသိ . . . (ပျက်မှုကိုလည်းသိ) အဲဒါဘာနဲ့သိပါလိမ့် . . . (ပညာရောဝိညာဏ်ကောသိပါတယ်)၊ ပညာကော၊ ဝိညာဏ်ကော သိပါတယ်ဆိုတော့၊ မောင်ဘသော်တို့ စာဒကတက်စရာလိုသေးလား . . . (မလိုတော့ပါဘုရား)

www.dhammadownload.com



ဖြစ်မှုကိုလည်း သိလိုက်တယ်၊ ပျက်မှုကိုလည်း သိလိုက်တယ်ဆိုတော့၊ ဒကာဒကာမတို့ ပညာကလဲဖြစ်ပျက် အနိစ္စသိတာပဲ၊ ဝိညာဏ်ကလည်းဖြစ်ပျက်ဖြစ်တာ အနိစ္စ ရောက်မလို့ဖြစ်တာပဲ၊ ပျက်တာလည်းအနိစ္စရောက်သွား တာပဲ (မှန်လှပါ)။

ဒီလိုကြည့်လိုက်ပြန်တော့၊ ဩဇာဒါဖြင့်ပညာ၊ ဝိညာဏ်သည်ကားလို့ဆိုရင်ဖြင့် ရှင်ကောဏ္ဍကရေ မထူးပါဘူး ကွ၊ ပေါင်းပြီးကြည့်ကြတာပါပဲ၊ ပွားများသိနဲ့ ပိုင်းခြားသိတာပဲ၊ ထူးပါတယ်ကွ သဘောကျပလား၊ (ကျပါပြီ)။

ပိုင်းခြားသိ၊ ပွားများသိ၊ ဒါပဲထူးတယ်ကွ၊(မှန်ပါ့) ခင်ဗျားတို့ဝိပဿနာရှုတဲ့အခါကျတော့ ခန္ဓာကိုယ်ထဲမှာ ဩဇာဒါလေးဟာ၊ ဖြစ်ပြီးမှ ပျက်သွားတာကလေးကိုလို့၊ ဉာဏ်ထဲမှာဖြင့်၊ ဝေဖန်ချလိုက်လို့ရှိရင်၊ ဖြစ်ပြီးမှပျက်သွား တာကိုး၊ (မှန်လှပါဘုရား)။

ဒီလိုသိပြီးသွားတော့ ဝိညာဏ်ကလည်းသူ၊ ဖြစ်တာ ကိုလည်း သူသိတာပဲ၊ အင်းပျက်တာကိုလည်းသိတာပဲ၊ (မှန်ပါ့) ပညာ ကတော့ဘယ်လိုသိသတုံး၊ ဘာဝေတဗ္ဗ၊ပွားပြီး သကာလ သူကတော့ဖြင့်၊ အင်းဖြစ်ပျက်မှုတစ်ပါး၊ ဘာမှမရှိ ဘူးဆိုပြီး၊ သူကဖြင့်ဒကာဒကာမတို့ အပြားအားဖြင့်ဘာလာ

www.dhammadownload.com



လာ သူတင်မဟုတ်ပါဘူး ကျန်တာတွေလည်းဒီလိုပါပဲဆိုပြီး၊ သူကအပြားအားဖြင့် အကုန်သိပလိုက်တယ်(မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဝိညာဏ်ကတော့ဒါကလေး တစ်ခုခွဲသိတယ်၊ ပညာ ကတော့ ဒီဟာတင်မကဘူး အကုန်ကွ၊ ဆိုပြီးအကုန်သိပါ တယ်၊ (မှန်ပါ့)။

ပညာက ဘာဝေတဗ္ဗနဲ့သိပါတယ်၊ဝိညာဏ်က ပရိညာကိစ္စနဲ့သိပါတယ်၊ ရှင်းကြပလား (ရှင်းပါပြီ)။

## ဖြစ်ပျက်သိရင်နှစ်ခုစလုံးပါတယ်

အဲဒီအသိကို နှစ်ခါသိရမှာလားလို့ ဒကာဒကာမတွေ က သံသယမရှိပဲနဲ့၊ ဖြစ်ပျက်သိရင်နှစ်ခုစလုံးပါလို့သာ မှတ်လိုက် (မှန်လှပါဘုရား)။

ဒီလောက်ဆိုလို့ရှိရင် ဒကာဒကာမတို့၊ ခန္ဓာကိုယ်ထဲ မှာဖြစ်မှု ပျက်မှုမှတစ်ပါး၊ ဖြစ်ပျက်ဒုက္ခသစ္စာမှတစ်ပါး၊ ဘာမှ မရှိတော့ဘူးဆိုလို့ရှိရင်ဖြင့်၊ ငါလက်ကောဆိုလို့ရသေးရဲ့လား။ (မရပါဘုရား) ဘယ်ဟုတ်မလဲ ဒုက္ခသစ္စာပဲ (မှန်ပါ့) ငါခြေ ကော. . .(ဆိုလို့မရပါဘုရား)၊ ဘာပါလိမ့် (ဒုက္ခသစ္စာပါ ဘုရား)။

www.dhammadownload.com



## ကြိုးပြေပြီလို့မှတ်

ငါ့ခါးပဲဆိုရင်ကော . . . (မရပါဘုရား)၊ ငါ့ရင်ပဲဆိုရင်ကော . . . (မရပါဘုရား) ငါ့ကျောပဲဆိုရင်ကော . . . (မရပါဘုရား)၊ အင်းဘာတွေဖြစ်နေလဲ၊ (ဒုက္ခသစ္စာတွေပါဘုရား)။

ဩော်ဒါဖြင့် ဒီအပေါ်မှာရှိတဲ့ ငါတွေအကုန်ပြုတ်သောကြောင့် ကြိုးပြေပါပြီလို့ မှတ်လိုက်စမ်းပါ။ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ကဲ-ဃနေ့ဒီတွင်တော်ကြစို့
သာဓု . . . သာဓု . . . သာဓု။